မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၇၈)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်
၂၀၂၆ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ တနင်္ဂနွေနေ့

မြတ်ဗုဒ္ဓ၏အဆုံးအမတရား

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော်သို့ သွားရောက်ဖူးမြော်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဗီယင်ကျန်းမြို့ရှိ ထက်လွှမ်စေတီတော်ကြီး၊ စောင်းတန်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို ကြည့်ရှုစဉ်။

နေပြည်တော် ဇူလိုင် ၄


လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ထက်လွှမ်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ထက်လွှမ်ဘုရားသို့ရောက်ရှိကြရာ တာဝန်ရှိသူများက လာအိုရိုးရာ၊ အတီးအမှုတ်များဖြင့် နွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က ထက်လွှမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့်ပန်းမန်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စေတီတော်ကြီး၊ စောင်းတန်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် စေတီတော်ကြီး စတင်တည်ထားစဉ် အချိန်မှ ခေတ်အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့မှုမှတ်တမ်းပန်းချီများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း

စာမျက်နှာ ၅ ကော်လံ ၁ ★

အားကောင်းသောလေဖိအားနည်းရပ်ဝန်းဆက်လက်တည်ရှိနေ



နေပြည်တော် ဇူလိုင် ၄

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ

စာမျက်နှာ ၁၅ ကော်လံ ၃ ◆

ပါရမီဖြည့်ဖက် တွဲလက်ယှဉ်သော အာဆီယံဒေသတွင်းသို့ ခိုင်မာခြေတစ်လှမ်း

စာ - ၁၂ သို့

နိုင်ငံတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



နေပြည်တော် ဇူလိုင် ၄

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ပြီး တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃/၂၀၂၄)မှ

စာမျက်နှာ ၁၄ ကော်လံ ၁ ➤

နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇူလိုင် ၅ ရက်)

မြန်မာ-လာအို ချစ်ကြည်ရင်းနှီးမှုထာဝရခိုင်မြဲ

မြန်မာနှင့်လာအိုနှစ်နိုင်ငံအကြားတွင် ရှည်ကြာသည့်သံတမန်ဆက်ဆံမှုများရှိခဲ့ပြီး သံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဆက်ဆံရေး စသည့်ဆက်ဆံရေးသုံးမျိုးရှိပြီး အာဆီယံအဖွဲ့အတွင်း၌ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ဗီယက်နမ်နိုင်ငံတို့သည် CLMV အဖွဲ့၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများဖြစ်ကြကာ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်၏ဖိတ်ကြားချက်အရ ဇူလိုင်လ ၃ ရက်နေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ထောင်လွန်းဆီဆုလစ်တို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ်လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတက **“အဆွေတော် ဦးဆောင်သည့်အစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို တိုးတက်အောင် အမြန်ဆုံးဆောင်ရွက်နိုင်ခဲ့သည့်အတွက်ဂုဏ်ယူပါကြောင်း၊ မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံမှုများတိုးတက်စေရေး အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံသမိုင်းကြောင်းများတူညီမှုရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် တစ်ပြိုင်တည်းတွင်ဝင်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ပို့မိုချစ်ကြည်ရင်းနှီးသည့်နိုင်ငံများဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏အယုံကြည်ရဆုံးနှင့် အရင်းနှီးဆုံးမိတ်ဆွေနိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် အမြဲထောက်ခံအားပေးလျက်ရှိပါကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် **“မိမိတို့နှစ်နိုင်ငံသည် သံတမန်ဆက်ဆံမှု နှစ်(၇၀)ကျော်ရှိပြီဆိုသော်လည်း ရှေးယခင်နှစ်ပေါင်းများစွာကတည်းက ချစ်ကြည်ရင်းနှီးဆက်ဆံခဲ့သည့်နိုင်ငံများဖြစ်ပါကြောင်း၊ နှစ်ဖက်နိုင်ငံ နယ်စပ်နေပြည်သူများသည်လည်း ခွဲခြားရှုမရပါကြောင်း၊ မြန်မာနိုင်ငံ ရှမ်းဘာသာစကားနှင့် “ဝီနောင့်ကန်”၊ လာအို စကားဖြင့် “ဖီနွန်းကန်” ဖြစ်ကြပါကြောင်း၊ မိမိအနေဖြင့် ၂၀၀၅ ခုနှစ်မှစပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံဒေသတွင် တာဝန်ယူကတည်းက နှစ်နိုင်ငံဆက်ဆံရေးခိုင်မာအောင်ကောင်းစေရန် တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယနေ့ထက်တိုင် အဆိုပါစိတ်ဓာတ်အတိုင်းရှိနေသည်ကို အဆွေတော်ကို ပြောကြားလိုပါကြောင်း၊ ယခုအချိန်သည် မိမိတို့နှစ်နိုင်ငံတွင် ရွေးကောက်ပွဲများအသီးသီးကျင်းပပြီးနောက် အစိုးရသစ်များဖွဲ့စည်းပြီးသည့်အချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရသစ်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ကဏ္ဍသစ်တစ်ရပ်ဖွင့်လှစ်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများရှိသည့်အရေးကြီးသည့်အချိန်အခါလည်းဖြစ်ပါကြောင်း”** ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတ၏ လာအိုနိုင်ငံသို့ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်မှာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ပြီးချိန်တွင် လာရောက်ခြင်းဖြစ်၍ အရှေ့တောင်အာရှနိုင်ငံများတွင် သာမက ဒေသတွင်းနိုင်ငံများနှင့်ပါ သံတမန်ရေးအရ ပို့မိုအဓိပ္ပာယ်ရှိသည့်ခရီးစဉ်ဖြစ်သည်။ နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူပြီးနောက် အာဆီယံနိုင်ငံများအနက် လာအိုနိုင်ငံကို ပထမဆုံး နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးလာရောက်ခြင်းဖြစ်သည်။ နိုင်ငံတော်သမ္မတအဖြစ်ကတိသစ္စာပြုခြင်းနှင့် စတင်တာဝန်ယူခြင်းအခမ်းအနားသို့ လာအိုနိုင်ငံမှ အထူးကိုယ်စားလှယ်စေလွှတ်ခဲ့ပြီး လာအိုနိုင်ငံ သမ္မတထံမှဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးအပ်ခဲ့မှုနှင့် မကြာသေးမီကာလက လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး၏ မြန်မာနိုင်ငံခရီးစဉ်သည်လည်း မြန်မာအစိုးရအပေါ် အလေးအနက်ထားမှုနှင့် လာအိုနိုင်ငံ၏ထောက်ခံရပ်တည်ပေးမှုကို ပြသပေးသည့် ခရီးစဉ်များဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အိမ်နီးချင်းနိုင်ငံများသာမက အခြားနိုင်ငံများနှင့်လည်း မိတ်ဝတ်မပျက်ချစ်ကြည်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနှင့်လာအို နှစ်နိုင်ငံမှာ ကိုးကွယ်ယုံကြည်မှုတူညီကြပြီး ယဉ်ကျေးမှုဓလေ့ထုံးစံများလည်း တူညီကြသည့်နိုင်ငံများဖြစ်သည်။ စိတ်ကောင်းနှလုံးကောင်းနှင့် အေးချမ်းတည်ငြိမ်စွာဆက်ဆံရေးကောင်းမွန်လျက်ရှိကြသည်။ လာအိုနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် အမြဲရပ်တည်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနိုင်ငံအဖြစ် ထူထောင်သွားရန်ဆန္ဒရှိသည်။ အနာဂတ်တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ယခုထက်ပို့မိုတိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်းကိုလည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတက ရင်းနှီးပွင့်လင်းစွာပြောကြားခဲ့သည်။

နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသည့်ဆက်ဆံရေးကို အာဆီယံမျက်နှာစာတွင် သာမက ကမ္ဘာ့နိုင်ငံများအလယ်တွင်ပါ ကောင်းမွန်သည့်ပြယုဂ်တစ်ခုအဖြစ်ရောက်ရှိအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ်အဆင့်မြှင့်တင်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

ဝင်ငွေတိုးစီမံကိန်းမှ လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြည်ထောင်စုနယ်မြေနေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအစီအစဉ်ဖြင့် လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲကို ဇူလိုင်လ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးရှိစုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးအောင်ဇေယျက ရက် ၁၀၀ အတွင်း ဒေသထွက်ကုန်ကြမ်းများအပေါ်အခြေခံ၍ စျေးနှုန်းသက်သာပြီး အရည်အသွေးပြည့်မီသည့် ကုန်ထုတ်လုပ်ငန်းများပေါ်ထွန်းလာစေရန်၊ အသေးစားလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် ဆောင်ရွက်ပေးနေမှုသည် နိုင်ငံတော်ကလျှောက်လှမ်းနေသည့် ကုန်ထုတ်လုပ်မှုကဏ္ဍတိုးတက်ရေးကို များစွာအထောက်အကူပြုသည့်အတွက် ဆုရရှိသောသင်တန်းသားများအနေဖြင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက စက်ချုပ်နည်းပညာသင်တန်းဆင်းများအတွက် အပ်ချုပ်စက်နှင့်ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများ၊ Snack အမျိုးမျိုး၊ ယိုမျိုးစုံထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းများအတွက် အာလူးလှီးစက်၊ အခြောက်ခံစက်၊ ခြေနင်းအိတ်ပိတ်စက်၊ Gas အိုးနှင့် Gas မီးဖိုများ ပံ့ပိုးပေးအပ်ပြီး သင်တန်းဆင်းများ၏ထုတ်ကုန်ပစ္စည်းလက်ရာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရွှေဖြိုး(မြဝတီ)

အင်းလေးကန်အရှေ့ကြိုးဝိုင်းကာကွယ်တော၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ညောင်ရွှေ ဇူလိုင် ၄

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် သဲကျင်းကျေးရွာအင်းလေးကန်အရှေ့ကြိုးဝိုင်း ကာကွယ်တော၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ အင်းလေးကန်ရေရှည်တည်တံ့စေရန်နှင့် သစ်တောသစ်ပင်များပြန်းတီးမှုမှ ကာကွယ်ရန်အတွက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းက မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲတက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပျိုးပင်များပေးအပ်ကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အော်ရေးရှား၊ မာတာကွက်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဲဇလီပျိုးပင်စုစုပေါင်း ၁၀၀၀ ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။

စိုင်းအယ်ဘဲ

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၂၆ (တနင်္ဂနွေနေ့)

၁။	ဝ၆:၀၃	တရားတော်
၂။	ဝ၆:၄၅	ဓမ္မပူဇာတေး
၃။	ဝ၇:၄၀	မြန်မာသံစဉ်ချိုနားဝင်
၄။	ဝ၈:၂၀	မျိုးချစ်တပ်မတော်
၅။	၁၀:၃၀	စာပေနှင့်အနုပညာသတင်း
၆။	၁၁:၁၀	ပြည်သူ့ကြားကပြည်သူ့စကား
၇။	၁၃:၅၀	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၈။	၁၅:၄၀	ဇာတ်လမ်းတို
၉။	၁၆:၅၀	ကိုယ်လက်လှုပ်ရှားအားကစား
၁၀။	၁၇:၁၀	နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၁၁။	၁၉:၀၀	**ရုပ်မြင်သံကြားဇာတ်လမ်း** **မင်းမရှိရင်မနေချင်** **(ဇာတ်သိမ်းပိုင်း)** **သရုပ်ဆောင်-ခန့်စည်သူ၊ နေဆန်း၊** **ခိုင်သင်းကြည်** **ဒါရိုက်တာ-မလိခစိုးထိုက်အောင်**
၁၂။	ည ၈ နာရီ သတင်းအပြီး	အမျိုးသားရေးတေးကဗျာ
၁၃။		နိုင်ငံတကာသတင်း
၁၄။		ကမ္ဘာ့ရေးရာမှတ်သားစရာ
၁၅။		ပန်းပေါင်းစုံစွာအနုပညာ
၁၆။		တရားတော်

မြဝတီ ခုနှစဉ် The Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ဝ၃၁-၇၃၉၉၈၊ ဖက်စ် ဝ၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချီရေး/ကြော်ငြာ ဝ၃၁-၇၄၀၀၆၊ ဝ၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ဝ၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ဝ၁၈-၄၀၀၆၉၇၊
ကြော်ငြာ ဝ၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ဝ၉-၆၈၈၈၃၇၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ဝ၉-၄၄၄၄၁၈၆၉၁၊ ဝ၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် – ဝ၀၃၇၈/၀၀၄၉၄
စာတင်ထုတ်ဝေသည့်ရက် – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေး ရှုစ်ထပ်ကလေးကုသဆောင်သစ်ဖွင့်ပွဲ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း တက်ရောက်



နေပြည်တော် ၈လိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေးရှုစ်ထပ်ကလေးကုသဆောင်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက အဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ရှုစ်ထပ်ကလေးဆေးကုသဆောင်သစ်မြေညီထပ်ရှိအရေးပေါ်နှင့်ပြင်ပလူနာဌာန၊ ဓာတ်ခွဲနမူနာလက်ခံဌာနနှင့် ဓာတ်မှန်ဌာန၊ ပထမထပ်ရှိခွဲစိတ်ခန်းများ၊ ဒုတိယထပ်ရှိ ကလေးခွဲစိတ်ကုသဆောင်၊ ဆဋ္ဌမထပ်ရှိကလေးကုသဆောင်နှင့်အပေါ်ဆုံးထပ်ရှိ စာသင်ခန်းများနှင့် အစည်းအဝေးခန်းမကြီးတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး-မန္တလေးတွင်ကလေးအထူးကုဌာန၊ကလေးခွဲစိတ်အထူးကုဌာန၊ကလေးအထူးကြပ်မတ်ကုသဌာန၊ ကလေးအရိုးအထူးကုဌာန၊ ကလေးဖွံ့ဖြိုးမှုပြင်ပလူနာဌာန၊ ကလေးနှလုံးကုသပြင်ပလူနာဌာန၊ မွေးကင်းစအထူးကြပ်မတ်ကုသဆောင်တို့ကို ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

ယင်းနောက် မန္တလေးပြည်သူ့ဆေးရုံကြီး ကင်ဆာရောဂါကုသဆောင်၌ ကင်ဆာဆေးသွင်းဌာန၊ အတွင်းလူနာဆောင်များ၊ ဓာတ်ခွဲဌာနနှင့်ဓာတ်မှန်ဌာန၊ သွားနှင့်ခံတွင်းအထူးကုဌာန (ကန်တော်နဒီ)၌ သွားနှင့် ခံတွင်းကုသမှုများဆောင်ရွက်ပေးနေမှု၊ ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဖြင့် ပုလဲသွားတု(Zirconia crown) ပြုလုပ်နေမှုတို့ကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တက်ရောက်



နေပြည်တော် ၈လိုင် ၄

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးဦးမျိုးဇော်သိမ်းက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့နှင့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဂ္ဂမဟာသေရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးမင်းအောင်လှိုင်ကပေးပို့သည့်သဝဏ်လွှာအားဖတ်ကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်အသင်းဝင် အမျိုးသမီးများဖွဲ့ဖြိုးတိုးတက်ရေးသမဝါယမအသင်းစုဒေါ်ရိုက်တာဒေါ်သန္တာဝင်းက အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်ကပေးပို့သည့် သဝဏ်လွှာအားဖတ်ကြားပြီး အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဂုဏ်ပြုဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြသည်။

ယင်းနောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနမှပေးပို့သော သဝဏ်လွှာဝမ်းမြောက်စကား Record Video ကိုပြသပြီး ကျေးလက်ဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုအား ပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးမျိုးဇော်သိမ်း၊ ဦးမင်းနောင်နှင့် တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် စွမ်းဆောင်ရည်အကောင်းဆုံးတိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းစုချုပ်ဆု၊ စွမ်းဆောင်ရည်အကောင်းဆုံးမြို့နယ်သမဝါယမအသင်းစုဆု၊ ကုန်ထုတ်လုပ်ငန်းများ အကောင်းဆုံးစွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ကုန်သွယ်မှုလုပ်ငန်းများ အကောင်းဆုံးစွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ဝန်ဆောင်မှုလုပ်ငန်းများ အကောင်းဆုံးစွမ်းဆောင်နိုင်သည့် အခြေခံသမဝါယမအသင်းဆု၊ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အဖြစ် ကျေးလက်ဖွံ့ဖြိုးရေးဘက်စုံထူးချွန်ဆု၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆု၊ ကျေးရွာပတ်ဝန်းကျင်စီမံခန့်ခွဲမှုစံပြဆု၊ ကျေးလက်ရေရရှိရေးနှင့် ကျန်းမာသန့်ရှင်းရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုဆုများကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ်တိုင်းဒေသကြီး/ပြည်နယ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပစ္စည်းများ၊ လူသုံးကုန်စားသောက်ကုန်ပစ္စည်းအရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းဒေသကြီး/ပြည်နယ် သမဝါယမအသင်းများ၏ အရောင်းပြခန်းများကို ၈လိုင်လ ၃ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာဝယ်ယူအားပေးနိုင်ကြောင်းသိရသည်။

မြဝတီ

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ-လာအိုနယ်စပ် မဲခေါင်မြစ်ရေအားလျှပ်စစ်စီမံကိန်းဖြစ်နိုင်ခြေ စူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်လက်မှတ်ရေးထိုး



နေပြည်တော် ၈လိုင် ၄

လာအိုနိုင်ငံ၌ရောက်ရှိနေသည့်နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-လာအိုလျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-လာအိုနယ်စပ်ရှိ မဲခေါင်မြစ်ကြောင်းတစ်လျှောက်တွင် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို ယနေ့လက်မှတ်ရေးထိုးကြသည်။

အဆိုပါပူးတွဲသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Crowne Plaza Hotel ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Manothong Vongsay က စီမံကိန်းသည် မြန်မာ-လာအိုချစ်ကြည်ရေး၏အရေးပါသောပြယုဂ်တစ်ခုဖြစ်ပြီး မြန်မာ-လာအို လျှပ်စစ်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဘောင်အတွင်းမှ နှစ်နိုင်ငံအစိုးရများ၏သဘောတူညီချက်ဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ်ဒေသသာမက မဟာမဲခေါင်မြစ်ဝှမ်းဒေသတစ်ခုလုံးအတွက် အကျိုးကျေးဇူးများရရှိနိုင်မည့်စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်း၏ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုများနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အကျိုးသက်ရောက်မှုဆန်းစစ်မှုများ အမြန်ဆုံးပြီးမြောက်စေရန်နှင့် စီမံကိန်းလျင်မြန်စွာအကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လာအိုအစိုးရဘက်က အကောင်းဆုံး ပံ့ပိုးလမ်းညွှန်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးကျော်က ယနေ့ချုပ်ဆိုသော ပူးတွဲသဘောတူစာချုပ်သည် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်တွင်ရှိသော မဲခေါင်မြစ်ပေါ်တွင် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို မြန်မာနိုင်ငံဘက်မှတာဝန်ပေးအပ်သော ကုမ္ပဏီနှင့် လာအိုနိုင်ငံဘက်မှတာဝန်ပေးအပ်သော ကုမ္ပဏီများပူးပေါင်းဆောင်ရွက်မည့်စီမံကိန်းဖြစ်သောကြောင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် အထူးအရေးပါသော စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းပြီးစီးပါက ဒေသတွင်းလိုအပ်နေသော လျှပ်စစ်ဓာတ်အားကို တစ်ထောင့်တစ်နေရာမှဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့် အပြင်အာဆီယံဒေသတွင်းပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍရည်မှန်းချက်ပြည့်မီရေး အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ မဲခေါင်မြစ်သည် နှစ်နိုင်ငံနယ်စပ်မြစ်ဖြစ်သောကြောင့် စီမံကိန်းဆောင်ရွက်ရာတွင် မြန်မာ၊ လာအိုနှစ်နိုင်ငံ၏ဒေသထုံးတမ်းအစဉ်အလာများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာအစိုးရအနေဖြင့်လည်း စီမံကိန်းအောင်မြင်စေရန် အတတ်နိုင်ဆုံးကြိုးကြပ်လမ်းညွှန်ပေးသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံ ဒုတိယဝန်ကြီးများရှေ့မှောက်တွင် မြန်မာ-လာအို နယ်စပ်မဲခေါင်မြစ်ရေအားလျှပ်စစ်စီမံကိန်းဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုဆိုင်ရာ ပူးတွဲသဘောတူစာချုပ်ကို မြန်မာနိုင်ငံဘက်မှတာဝန်ပေးအပ်သော Primus Sapphire Power Co., Ltd နှင့်လာအိုနိုင်ငံဘက်မှတာဝန်ပေးအပ်သော Phongsupthavy Group Sole Co., Ltd တို့က လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

အဆိုပါရေအားလျှပ်စစ်စီမံကိန်းသည် ခန့်မှန်းတပ်ဆင်အင်အား ၂၇၉၀ မဂ္ဂါဝပ်အထိ ထွက်ရှိနိုင်သောစီမံကိန်းဖြစ်ပြီး ဖြစ်နိုင်ခြေစူးစမ်းလေ့လာမှုလုပ်ငန်းများကို ၃၄ လအတွင်းပြီးစီးစေရန် မြန်မာကုမ္ပဏီနှင့်လာအိုကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

စစ်ကဲကြီးသည် ပက်လက်ကုလားထိုင်ပေါ်တွင်ထိုင်လျက် နံရံတွင် ဆွဲ၍ထားသော အရည်အချင်းနှင့်ပြည့်စုံသည့် အမျိုးသမီးတစ်ယောက်၏ဓာတ်ပုံကို စဉ်းစားရင်း ကြည့်၍နေစဉ် အစေခံတစ်ယောက်သည် ခြေဖျားထောက်လျက် အခန်းတွင်းသို့ ဝင်လာပြီးလျှင် ကိုထွန်းမြတ်လာပါသည်ဘုရားဟု လျှောက်ထားလေ၏။ စစ်ကဲကြီးလည်း ဓာတ်ပုံကိုငေး၍ ကြည့်မြဲတိုင်းကြည့်လျက် ဝင်ခဲ့စေဟု ပြောလိုက်ရာ အစေခံလည်း လူတစ်ယောက်ကိုခေါ်လာ၍ အခန်းတွင်းသို့သွင်းလိုက်ပြီးလျှင် ထွက်သွားလေ၏။

မောင်ထွန်းမြတ်ဆိုသူမှာ အသက် ၂၇ နှစ်ခန့်မျှရှိ၍ လူပုံလူပန်း ထောင်ထောင်မောင်းမောင်း၊ အဆစ်အမျက်ကျနပြေပြစ်၍ ရုပ်ရည်လွန်စွာမချောလှသော်လည်း အလွန်တရာကျက်သရေရှိလျက် ရွှင်ပျသောမျက်နှာရှိပေ၏။

စစ်ကဲကြီးလည်း ခြေသံကြားသဖြင့် ရုပ်ပုံကိုကြည့်ရာမှ လှည့်ပြီးလျှင် ထိုင်ပါဦးဟု ကုလားထိုင်တစ်ခုကို လက်ညှိုးညွှန်၍ပြပြီးလျှင်-

"မတွေ့ရသည်မှာ ကြာပြီဖြစ်၍ ယခုတွေ့ရသည်ကို ဝမ်းမြောက်လှပါသည်၊ အလည်သက်သက်လာသလားမောင်" ဟုမေးရာ မောင်ထွန်းမြတ်က "ကျွန်တော် အခုလာသည်မှာ အလည်သက်သက်မဟုတ်ပါ၊ ကိစ္စနှင့်လာပါသည်" ဟုပြောလျှင်-

စစ်ကဲကြီးသည် ကုလားထိုင်တွင်မှီ၍နေရာမှ မတ်မတ်ထိုင်လိုက်ပြီးလျှင် "ဘာကိစ္စပါလဲ" ဟုမေးရာ-

မောင်ထွန်းမြတ်သည် မိမိကုလားထိုင်ကို စစ်ကဲကြီးအနီးသို့ ဆွဲ၍ထိုင်ပြီးလျှင် "ဒီအိမ်ကိုရောင်းမည်ကြားလို့ ကျွန်တော်လာပါသည်" ဟု ခပ်တိုးတိုးပြောလေ၏။

စစ်ကဲကြီးလည်း မျက်နှာကိုတင်းတင်းထား၍ "နေပါဦးမောင်၊ မောင်က ဘယ်အတွက်မေးပါသလဲ၊ မောင့်ကို ဘယ်သူကလွှတ်လိုက်လို့လဲ၊ ဘယ်ကြွေးရှင်က မောင့်ကိုငှားပါသလဲ" ဟုမေးလျှင်-

မောင်ထွန်းမြတ်က "ကျွန်တော်တို့ ရှေ့နေဆိုတဲ့လူမျိုးက သစ္စာနည်းတယ်လို့ ကမ္ဘာက သမုတ်ကြတာကို ကျွန်တော်အသိဖြစ်ပါသည်၊ သို့သော် ကျွန်တော်ကိုယ်တိုင်မှာတော့ အမှုသည်များကို လိမ်လည်လှည့်ပတ်နားသွင်းဖျောင်းဖျပြီးလျှင် ကောက်ကျစ်စဉ်းလဲမှုဆို၍ တစ်စုံတစ်ခုမှ ပြုဖူးသည်မရှိပါ၊ ရှေ့ကိုလည်း ပြုမည်မဟုတ်ပါ" ဟု မျက်နှာတင်းတင်းနှင့်ပင် ပြန်ပြောရာ စစ်ကဲကြီးက "သည်းခံပါမောင်၊ ကျုပ်က ကြွေးများတဲ့လူဖြစ်တော့ ကြွေးရှင်တွေ ဉာဏ်များသည်ကို သိလွန်းလို့ ဖြစ်ပါသည်၊ စိတ်မရှိပါနှင့်မောင်၊ ကိစ္စကိုပြောပါ" ဟု ဆိုလေ၏။ မောင်ထွန်းမြတ်က "ဒီအိမ်နှင့် ဒီဝင်းကို ရောင်းမည်ကြား၍ ကျွန်တော့်မှာလည်း ငွေပိုကလေးရှိတုန်း ဝယ်ထားမည်အောက်မေ့၍ လာမေးပါသည်" ဟုပြောလျှင် -

စစ်ကဲကြီးလည်း "အမယ် ရှေ့နေအလုပ်များ အကောင်းကြီးပါကလား" ဟုဆို၍ အတန်ငယ်စဉ်းစားပြီးလျှင် ပြောသည်မှာ -

"မောင်ထွန်းမြတ် ကျုပ်မှာ ကြွေးအင်မတန်ထူတယ်ဆိုတာ မောင်သိပြီးပဲ၊ ရသည့်ပင်စင်ကလေးကလည်း အတိုးပေးလောက်ရုံသာသာ

"ခင်စိန်ကြည်သည် အင်္ဂလိပ်အမူအရာအတိုင်း မိမိဖခင်သွန်သင်ပြသခဲ့သည့်အပြင် အင်္ဂလိပ်စာလည်းတတ်၊ အင်္ဂလိပ်မများနှင့်လည်း အနည်းငယ်ရောနှော နေထိုင်ခဲ့သည်ဖြစ်သောကြောင့် မောင်ထွန်းမြတ်အား လက်ဆွဲ၍နှုတ်ဆက်ပြီးလျှင် 'ရှေးက ပေါင်းဟောင်းဖော်ဟောင်းများနှင့်တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ နောင်ကိုလည်း ရှေးကကဲ့သို့ အကျွမ်းတဝင်ပေါင်းသင်းဆက်ဆံရလိမ့်မည်ဟု မျှော်လင့်ပါကြောင်း' စသည်ဖြင့် မျက်နှာထားချိုချိုနှင့် လောကဝတ်စကား ပြောရာ- . . ."

ကလေးရှိတယ်၊ ဒီတော့ တစ်နည်းနည်းနဲ့ ငွေရအောင် ကျုပ်ကြံရတာပဲ၊ ယခု ဒီအိမ်နှင့် ဒီဝင်းကို ရောင်းလိုက်မယ်ဆိုတာ လူများသိမှဖြင့် ကြွေးရှင်တွေအကုန်ဆုံပြီး လာကြလိမ့်မယ်၊ ဒီတော့ အထင်အရှားမရောင်းဘဲ ရောင်းသူ၊ ဝယ်သူနှင့် အသိသက်သေလောက်သာသိစေမှ ငွေကလေး ၄၊ ၅၊ ၈ ထောင်လောက် ကျုပ်သုံးရမှာပဲ၊ ဒီအိမ်ဒီဝင်းနှင့် အိမ်ထောင်မှုပါ အားလုံးဘယ်လောက်ပေးနိုင်ပါသလဲ" ဟုမေးရာ မောင်ထွန်းမြတ်က "ဦး အမိန့်ရှိပါ"ဟု ပြန်ပြောလေ၏။

ထိုအခါ စစ်ကဲကြီးက ၃၀၀၀၀ ကျုပ်ထားပါတော့ဟု ပြောလေရာ မောင်ထွန်းမြတ်လည်း အိမ်ဝင်းတို့၏အဖိုးကို ခန့်မှန်းပြီးဖြစ်၍ ၂၀၀၀၀ ကျုပ် ကျွန်တော်ပေးနိုင်ပါသည်ဟုဆို၍ အနည်းငယ်ပြောဆိုကြပြီးလျှင် ၂၃၀၀၀ ကျုပ်နှင့် ဈေးတည့်ကြလေ၏။

စကားအနည်းငယ်ပြောဆိုကြပြီးနောက် မောင်ထွန်းမြတ်လည်း ပြန်တော့မည်ဟု ထလေလျှင် စစ်ကဲကြီးက "နေပါဦး မောင်၊ ယနေ့ည ဒီမှာပဲ ထမင်းစားပါ" ဟု တားရာ စစ်ကဲကြီးသည် သာမည လူကို ထမင်းစား ဖိတ်လေ့မရှိသောကြောင့် မောင်ထွန်းမြတ်သည် မငြင်းပယ်ဝံ့ဘဲ ပြန်၍ ထိုင်ပြီးလျှင် စစ်ကဲကြီးတည်သည့် ငွေစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်လျက် စကားဆက်လက်၍ ပြောနေကြကုန်၏။

ဤသို့စကားပြောဆိုနေကြစဉ် အိမ်တွင်းဘက် အခန်းတံခါးသည် ရုတ်တရက်ပွင့်၍ မိုးစွေ၍နေသည့်အခါဝယ် မွန်းတည့်နေမြင့်လိုက်ရသောအခါ လူသတ္တဝါတို့သည် ရုတ်တရက် နေ၏အလင်းကို ရသဖြင့် ဟဒယနှလုံး ရွှင်ပြုံးစွာရှိဘိသကဲ့သို့ စာရွက်ကလေးကို မခို့တရို့ကိုင်၍ ထွက်လာသူ ၁၆ နှစ်အရွယ် မိန်းမကလေးကို မြင်လိုက်ရလျှင် မောင်ထွန်းမြတ်သည် ကျောင်းသားအရွယ်လွန်သဖြင့် လူပျိုကြီးဖားဖားဖြစ်လျက် နှင့်ပင် ဘဝင်တုန်လျက် ငေးလျှက်ကြည့်မိလေ၏။

ဦးခေါင်းလျှော်သည့်နေ့ဖြစ်၍ ခါးခေါက်သို့ဝဲလျက်ရှိသော ဆံပင်ကို ဖဲကြိုးအပြာကလေးဖြင့် ကပိုကရိုစည်းပြီး အသားအေးစေရုံမျှသာလျှင် သနပ်ခါးအရည်ကျဲကလေးကို မသိမသာလိမ်းလျက် စူရတီပွင့်ထိုးအပြာတစ်ပတ်ရစ်လုံချည်ကလေးကို လက်တစ်ဖက်နှင့် မခို့တရို့မပြီးလျှင် လက်တစ်ဖက်မှ စာရွက်ကိုကိုင်ကာ ဝင်လာလေလျှင် နားတစ်ဖက်တွင် ၅ ရတီခန့်မျှရှိသော စိန်တစ်လုံးနားကပ်အရောင်သည် လက်ဟောင်း ပထမတန်းစိန်ဖြစ်၍ အရောင်လက်လက်ထွက်ရကား ၎င်းစိန်အရောင်သည် မိန်းကလေး၏မျက်လုံးအရောင်နှင့် မည်သူကကောင်းလေသနည်း။ ခြေတွင်ဝတ်လျက်ထားသော ရွှေခြေချင်းသည် မိန်းကလေး၏အသားနှင့် မည်သူက ဝါလေသနည်း။ လည်၌ဆွဲ၍ထားသော ပုလဲကုံးသည် မိန်းကလေး၏သွားနှင့် မည်သူက ဖြူလေသနည်း။ ဘယက်မှ ကျောက်နီသည် မိန်းကလေး၏နှုတ်ခမ်းနှင့် မည်သူကနီလေသနည်း စသည်ဖြင့် အံ့သြတွေးဆ၍မရနိုင်အောင်ပင်ရှိလေ၏။

"ဖေဖေဘုရား၊ မစ္စက်ဘရောင်းက ဒီကနေ့ည ဆပ်ကပ်ကြည့်ရအောင်တဲ့၊ ခင့်ဆီစာရေးလိုက်တယ်ဘုရား" ဟုဆို၍ စာကို ဖခင်အားပြမည်ပြုရာ ဇော့်သည်တစ်ယောက်ကိုမြင်သဖြင့် ပြန်၍သွားမည်ပြုလေ၏။

သို့ရာတွင် စစ်ကဲကြီးက "နေပါဦးခင်ရဲ့၊ ဒီဟာက ဖေဖေ့မိတ်ဆွေအမိန့်တော်ရမင်း ကိုထွန်းမြတ်ပဲ၊ ရွှေဘိုမှာနေတုန်းက ဖေဖေတို့အိမ်နားက မြို့အုပ်မင်းလေ၊ ကျုံးထဲသမ္မန်ကလေးနဲ့ လှော်ကစားကြတာ မမှတ်မိဘူးလား၊ ဒီတုန်းက သူငယ်ပေါ့၊ ယခုတော့ မန္တလေးမှာ အမိန့်တော်ရမင်း ဦးထွန်းမြတ်ဆိုတာ အကျော်တစောပေါ့"ဟု ပြောလျှင် -

ခင်စိန်ကြည်သည် အင်္ဂလိပ်အမူအရာအတိုင်း မိမိဖခင်သွန်သင်ပြသခဲ့သည့်အပြင် အင်္ဂလိပ်စာလည်းတတ်၊ အင်္ဂလိပ်မများနှင့်လည်း အနည်းငယ်ရောနှောနေထိုင်ခဲ့သည်ဖြစ်သောကြောင့် မောင်ထွန်းမြတ်အား လက်ဆွဲ၍နှုတ်ဆက်ပြီးလျှင် 'ရှေးက ပေါင်းဟောင်းဖော်ဟောင်းများနှင့်တွေ့ဆုံရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ နောင်ကိုလည်း ရှေးကကဲ့သို့ အကျွမ်းတဝင်ပေါင်းသင်းဆက်ဆံရလိမ့်မည်ဟု မျှော်လင့်ပါကြောင်း' စသည်ဖြင့် မျက်နှာထားချိုချိုနှင့် လောကဝတ်စကားပြောရာ-

မောင်ထွန်းမြတ်ကလည်း "အရင်ကကဲ့သို့ အရောတဝင် ချစ်ချစ်ခင်ခင်ရှိကြပါက အတိုင်းထက်အလွန်ပင်ရှိမည်ဖြစ်ပါသည်" ဟု ပြန်ပြောပြီး နောက် ခင်စိန်ကြည်လည်း ဖခင်ထံမှ ဆပ်ကပ်သွားရန် အခွင့်ရသဖြင့် ပြန်စာရေးရန် အခန်းပြင်သို့ ထွက်သွားလေ၏။

ဆက်လက်ဖော်ပြပါမည်။

မောက်မယ်မြို့နယ် မိုက်ညစ်ကျေးရွာ၌ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



မောက်မယ် ဓူလိုင် ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်၌ သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိများရရှိစေရေးနှင့် ရာသီဥတုမျှတစေရေး ရည်ရွယ်၍ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဓူလိုင်လ ၃ ရက်က ဟိုလွိုင်ကျေးရွာအုပ်စု မိုက်ညစ်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်နှင့် မြို့နယ်သစ်တောတာဝန်ခံ တောအုပ် ဦးဇော်ညိုတို့က တက်ရောက်လာကြသူများကို ပျိုးပင်များပေးအပ်ကာ သတ်မှတ်နေရာအသီးသီး၌ စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၃၀၀၊ စိန်ပန်းနီပင် ၃၀၀၊ စိန်ပန်းပြာပင် ၃၀၀၊ မဲဇလီပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကျင်းပ

နတ်မောက် ဓူလိုင် ၄

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကို ဓူလိုင်လ ၃ ရက်က နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး ကျောင်းစာအပြင် ပြင်ပဗဟုသုတများ ကြွယ်ဝစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်၊ လူတော်လူကောင်း၊ လူရည်ချွန်များဖြစ်လာစေရန်၊ အစုအဖွဲ့အတွင်း ပူးပေါင်းပါဝင်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပုံပြောပြိုင်ပွဲကျင်းပရာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့နှစ်သက်ရာ ပုံပြင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)



ဗီယင်ကျန်းမြို့ရှိ ထက်လွမ်စေတီတော်အား ဖူးတွေ့ရစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ထက်လွမ်စေတီတော်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆီမီး၊ သောက်တော်ရေချမ်း၊ သစ်သီးနှင့်ပန်းမန်များ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမ၌ အပူဇော်ခံထားရှိရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

★ **ရှေ့ဖုံးမှအဆက်**

တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် စေတီတော်ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထက်လွမ်စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင်မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမသို့ရောက်ရှိကြပြီး ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြု၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြသည်။

ယင်းနောက် လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာ ဆရာတော် Maha Ahjan Yai Mahaved Menenai၊ လာအိုနိုင်ငံမှ သက်တော် (၁၀၆)နှစ်ရှိ သက်တော်ရှည်ဆရာတော် Most Ven. Noi Sangvalo တို့အားဖူးမြော်ကြည်ညိုကြပြီး ပိဋကတ်သုံးပုံစာအုပ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမ၌ အပူဇော်ခံထားရှိရန်အတွက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်တစ်ဆူနှင့် မာရဝိဇယဘုရားကြီး၏တည်ဆောက်ခဲ့မှုမှတ်တမ်းစာအုပ်အား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ထက်လွမ်စေတီတော်အား ၁၃ သည့်စေတီတော်ကြီးဖြစ်ကြောင်း၊ လာအိုနိုင်ငံ၏ နိုင်ငံတော်တံဆိပ်တွင် ထက်လွမ်စေတီတော်၏ပုံတော်ကို ထည့်သွင်းထားရှိသည်ကိုတွေ့ရှိရကြောင်း၊ ထက်လွမ်ဘုရားပွဲတော်အား နှစ်စဉ်လာအိုဘာသာဖြင့် ဖက်ဈိလ၊ လပြည့်နေ့(မြန်မာတန်ဆောင်မုန်းလပြည့်နေ့)တွင်ကျင်းပပြုလုပ်ပြီး တစ်နိုင်ငံလုံးမှ ဘုရားဖူးပြည်သူများနှင့် စည်ကားများပြားကြောင်းသိရှိရသည်။

မြဝတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ထက်လွမ်ဘုရားဝင်းအတွင်းရှိ ဓမ္မခန်းမ၌ အပူဇော်ခံထားရှိရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လာရောက်ဂါရဝပြုတွေ့ဆုံ

ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်အခန်းကဏ္ဍများကိုအခြေခံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာ-လာအိုချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ မဟာဗျူဟာမြောက်မိတ်ဖက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအို-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ မစ္စတာ ဆေနမတ်မွန်ထရီ ချန်ထာဝုန်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

ဆက်ဆံရေးကိုမြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံရေးအတွက် ချစ်ကြည်ရေးအသင်းများ၏ အခန်းကဏ္ဍသည်အဓိကကျပြီး ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရနှစ်ရပ်မှဆောင်ရွက်လျက်ရှိသကဲ့သို့ လာအို-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် မြန်မာ-လာအို ချစ်ကြည်ရေးအသင်းတို့အနေဖြင့်လည်း တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှုအခြေအနေများ၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားမှတစ်ဆင့် အပြန်အလှန်ကုန်စည်ကူးသန်းရောင်းဝယ်မှုများဆောင်ရွက်ပြီး နယ်စပ်ဒေသနေ ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် ချစ်ကြည်ရေးအသင်းများမှ ဆောင်ရွက်နိုင်မှုအခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်နိုင်မှုအခန်းကဏ္ဍကိုမြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ ဘာသာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စသည့်အခန်းကဏ္ဍများကိုအခြေခံ၍ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် လာအို-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

လာအိုနိုင်ငံ အလုပ်သမားနှင့်လူမှုဝန်ထမ်းဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တွေ့ဆုံဆွေးနွေး



နေပြည်တော် ၄လိုင် ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့တွင် လာအိုနိုင်ငံ အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီး Mr. Phoxay Sayasone နှင့် အဆိုပါဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် လာအိုနိုင်ငံတွင်ရောက်ရှိနေသော အထောက်အထားမဲ့ မြန်မာအလုပ်သမားများအတွက် Certificate of Identity ထုတ်ပေးရေးကိစ္စ၊ အလုပ်သမားများ ရသင့်ရထိုက်သောအခွင့်အရေးများနှင့် အကာအကွယ်များရရှိစေရန် နှစ်နိုင်ငံဝန်ကြီးဌာနများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံဝန်ကြီးဌာနနှစ်ခုအကြား လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာပါ သဘောတူညီမှုများအရ အလုပ်သမားများကို ကာကွယ်စောင့်ရှောက်မှုများ ပေးအပ်ရေးကိစ္စနှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သိရသည်။

မြဝတီ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



နေပြည်တော် ၄လိုင် ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရာသီရိမြို့နယ် ငလိုက်ရေလှောင်တမံ၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းနှင့် မဟော်ဂနီပင်များကို စိုက်ပျိုးကြပြီး ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့နံနက်ပိုင်းကလည်းပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ် (၄၃) ၌ မြေပြန့်ကော်ဖီပင်များကို ဝန်ထမ်းများနှင့်အတူ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ၄လိုင် ၄

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရုံးအမှတ် (၄၆) ပြည်တွင်းအခွန်များဦးစီးဌာန၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ အမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သတ်မှတ်နေရာတွင် ကံ့ကော်ပင်နှင့်ခရေပင်တို့ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ခရေပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ပိတောက်ပင်ကို လည်းကောင်း၊ အရာထမ်း၊ အမှုထမ်းများက ကျွန်းပင်များကိုလည်းကောင်း စုပေါင်းစိုက်ပျိုးကြသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်နှင့် ကျွန်းပင်ပေါင်း ၂၀၀ ကျော် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

မြဝတီ



ရန်ကုန်တိုင်းဒေသကြီး MSME Agency အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တွေ့ဆုံ



နေပြည်တော် ၄လိုင် ၄

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး MSME Agency အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် MSME တစ်ခုအောင်မြင်ခြင်းသည် မိသားစုတစ်စု၏ ဝင်ငွေတိုးတက်ခြင်း၊ MSME တစ်ထောင်အောင်မြင်ခြင်းသည် မြို့တစ်မြို့၏ စီးပွားရေးရှင်သန်လာခြင်း၊ MSME သောင်းချီအောင်မြင်ခြင်းသည် နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဦးမော့လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် MSME ဖွံ့ဖြိုးတိုးတက်ရေးသည် စီးပွားရေးမူဝါဒတစ်ရပ်သာမဟုတ်ဘဲ လူသားအရင်းအမြစ်ကိုပါဗဟိုပြုသည့် အမျိုးသားဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က MSME ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများ၏ ချမှတ်ထားသည့် မူဝါဒနှင့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက MSME များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းထားရှိမှု၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်သင်ကြားပေးရေး၊ စက်မှုလုပ်ငန်းများနှင့်ဒေသတွင်းရှိတက္ကသိုလ်များ ချိတ်ဆက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ၄လိုင် ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၏ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ၊ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကံ့ကော်ပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

မြဝတီ



အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ၄လိုင် ၄

ယနေ့နံနက် ၆ နာရီ ၅၁ မိနစ် ၀၈ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက် ၁၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ထန်းတပင်မြို့၏ တောင်-အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၉၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၁ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ (M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈လ)

အရေပြားမှိုစွဲရောဂါနှင့် စားသောက်မှုပုံစံ

"အရေပြားမှိုစွဲရောဂါဖြစ်သည့်အခါ ယားယံမှုကိုခံစားရ၍ အစားရှောင်တတ်ကြသည်။ ယင်းသို့ပြုလုပ်လျှင် ပျောက်ကင်းသက်သာနိုင်သည်ဟုထင်သော်လည်း ယားယံမှုမှာ မသက်သာဘဲဖြစ်တတ်သည်။ အမှန်တကယ်မှာ အရေပြားမှိုစွဲရောဂါကြောင့် ယားယံနေခြင်းက အစားအသောက်နှင့် တိုက်ရိုက်မသက်ဆိုင်ပေ။ အစားအသောက်နှင့်သက်ဆိုင်သည့်ရောဂါက ဓာတ်မတည့်သည့်ရောဂါဖြစ်သည်. . ."

အရေပြားမှိုစွဲခြင်း (ပွေး၊ တင်းတိပ်၊ မှိန၁)ဖြစ်လျှင် သကြား၊ အချိုမှန့်၊ ကစီဓာတ်များလျှော့ချစားသုံးသင့်သည်။ ယင်းတို့ကို လျှော့စားခြင်းဖြင့် အရေပြားခွံမှိပွားများခြင်းကို ထိန်းချုပ်နိုင်သည်။ ကိုယ်ခံအားစနစ်ကောင်းမွန်နေစေရန် ကြက်သွန်ဖြူနှင့် ဗီတာမင်-C ကြွယ်ဝသောအသီးအနှံများကို စားသုံးသင့်သည်။

အရေပြားမှိုစွဲရောဂါအတွက် ရှောင်ကြဉ်ရမည့်အစားအစာများ

သကြားနှင့်မုန့်ချိုများ- သကြားဓာတ်သည် မှိုပိုးများအတွက် အဓိကအစားအစာဖြစ်၍ ကိတ်မုန့်၊ ရေခဲမုန့်နှင့် သကြားလုံးများကို ရှောင်ကြဉ်သင့်သည်။

ကစီဓာတ်- အဖြူရောင်ပေါင်မုန့်၊ ခေါက်ဆွဲနှင့်ထမင်းဖြူတို့တွင် ကစီဓာတ်ပါဝင်သောကြောင့် အလွန်အကျွံစားခြင်းကို လျှော့ချသင့်သည်။

တဆေးနှင့်မှိုပါသောအစားအစာများ- ဘီယာ၊ ဝိုင်၊ မှိုစိမ်း၊ အချဉ်ထုပ်များနှင့် အချဉ်ဖောက်ထားသောအစားအစာများတွင် တဆေးနှင့်မှိုပါဝင်မှုများသောကြောင့် ရှောင်ကြဉ်သင့်သည်။

လုပ်ဆောင်ရန်အချက်များ

ကြက်သွန်ဖြူ- ကြက်သွန်ဖြူတွင် မှိုပိုးသတ်ပေးနိုင်သော Allicin ဓာတ်ပါဝင်၍ နေ့စဉ်ဟင်းချက်ရာတွင် ထည့်ခြင်းသို့မဟုတ် အစိမ်းစားခြင်းဖြင့် မှိုပိုးကို အတွင်းမှတိုက်ဖျက်နိုင်သည်။

ဗီတာမင်ကြွယ်ဝသောအသီးအနှံများ- အရေပြားယားယံခြင်းကို သက်သာစေရန် ဗီတာမင်- A၊ C၊ E ပါဝင်သော သံပရာသီး၊ လိမ္မော်သီး၊ ခရမ်းချဉ်သီးနှင့် ဟင်းသီးဟင်းရွက်များများစားသင့်သည်။

အုန်းဆီ- အုန်းဆီတွင် မှိုသတ်နိုင်သော Lactic acid ပါဝင်၍ မှိုစွဲနေသောနေရာကို တစ်ရက်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ လိမ်းပေးနိုင်သည်။

ကြက်ဟင်းခါးသီး-ကြက်ဟင်းခါးသီးတွင် သဘာဝအလျောက် မှိုသတ်ပေးနိုင်သော အစွမ်းရှိသည့် momordicin နှင့် Charantin ဓာတ်များပါဝင်သည်။

အကယ်၍ မှိုစွဲသည့်နေရာသည် အလွန်ယားယံခြင်း၊ အရည်ထွက်ခြင်း သို့မဟုတ် အနာကျယ်လာပါက ဆေးခန်း သို့မဟုတ် ဆေးရုံသို့သွားရောက်ပြသ၍ မှိုသတ်လိမ်းဆေး၊ သောက်ဆေးများအသုံးပြုကာ စနစ်တကျ ကုသမှုခံယူသင့်သည်။

အကယ်၍ မှိုစွဲသည့်နေရာ (ဥပမာ- လက်၊ ခြေထောက်၊ ပေါင်ခြံ စသည်) တွင် မည်မျှကြာအောင် ခံစားနေရသည်ကို ထပ်မံပြောပြပေးနိုင်လျှင် အသေးစိတ် ကုသနည်းနှင့် ဆောင်ရန်/ရှောင်ရန်များကို ထပ်မံညွှန်ကြားနိုင်သည်။

အရေပြားမှိုစွဲခြင်းဟု မကြာခဏ ရည်ညွှန်းလေ့ရှိသော အရေပြားမှိပိုးသည် အပျော့စားယားယံခြင်းမှ ဆေးဘက်ဆိုင်ရာဝင်ရောက်စွက်ဖက်မှုလိုအပ်သည့် ပြင်းထန်သောအခြေအနေများအတွက် ထိရောက်သောကုသမှုခံယူရန် အရေးကြီးသည်။

အရေပြားမှိုဆိုသည်မှာ အရေပြား၊ ဆံပင်နှင့် လက်သည်းများအတွင်းသို့ဝင်ရောက်လာသော မှိုအမျိုးအစားအမျိုးမျိုးကြောင့် ဖြစ်ပွားသောရောဂါပိုးများကို ရည်ညွှန်းသည်။ ထိုမှိုပိုးများသည် ပူနွေးစွတ်စိုသောပတ်ဝန်းကျင်၌ ရှင်သန်နိုင်သည်။ မှိုအများအပြားသည် အန္တရာယ်ကင်းပြီး အကျိုးပြုသော်လည်း တချို့သောမျိုးကွဲများမှာ မသက်မသာဖြစ်စေသော ယားယံခြင်းနှင့် တခြားရောဂါလက္ခဏာများဖြစ်ပေါ်နိုင်သည့် ရောဂါပိုးများကိုဖြစ်စေသည်။

အရေပြား မှိုစွဲရောဂါဖြစ်သည့်အခါ ယားယံမှုကိုခံစားရ၍ အစားရှောင်တတ်ကြသည်။ ယင်းသို့ပြုလုပ်လျှင် ပျောက်ကင်းသက်သာနိုင်သည်ဟု ထင်သော်လည်း ယားယံမှုမှာ မသက်သာဘဲဖြစ်တတ်သည်။ အမှန်တကယ်မှာ အရေပြားမှိုစွဲရောဂါကြောင့် ယားယံနေခြင်းက အစားအသောက်နှင့် တိုက်ရိုက်မသက်ဆိုင်ပေ။ အစားအသောက်နှင့် သက်ဆိုင်သည့် ရောဂါက ဓာတ်မတည့်သည့်ရောဂါဖြစ်သည်။ ချွေးများ စိုလိုက်၊ ခြောက်လိုက်ဖြစ်နေသည့်အခါ အရေပြားက နူးပြီးပျော့လာသည်။ ထိုအခါ မှိုပိုးစွဲပြီး ယားယံမှုကို ခံစားရသည်။ ပူသည့်အချိန်တွင် ပို၍ ယားယံစေပြီး အေးသည့်အချိန်တွင် ယားယံခြင်းသက်သာစေသည်။

စပါးလင်၊ ချင်း၊ ငရုတ်သီးတို့ဖြင့်ချက်ထားသော မုန့်ဟင်းခါးနှင့်တခြားသော ရခိုင်မုန့်တီကဲ့သို့ အပူအစပ်များသော အစားအစာများစားသောအခါ ချွေးများထွက်လာသည်။ ချွေးထွက်လျှင် ပေါ့သွားသည်မှာမှန်သော်လည်း မှိုစွဲရောဂါရှိသူများတွင် ချွေးထွက်သည့်အခါ ယားယံခြင်းဖြစ်ပေါ်စေသည်။ အစားအစာနှင့် မှိုစွဲရောဂါ တိုက်ရိုက်မသက်ဆိုင်သော်လည်း အပူအစပ်များသော အစားအစာများကို စားလျှင် ချွေးထွက်များပြီး မှိုစွဲရောဂါကြောင့် ယားယံနိုင်သည်။ ထို့ကြောင့် ရာသီဥတုပူလျှင် ပူသည့်အစားအစာများကိုရှောင်ကြဉ်သင့်သည်။ အေးသည့်နေရာ၌ နေသင့်သည်။

အများစုက ကျန်းမာရေးပြဿနာတစ်စုံတစ်ရာဖြစ်လာသည့်အခါ မည်သည့်အစားအစာစားရမည် သို့မဟုတ် ရှောင်ကြဉ်ရမည်ကိုသိလိုကြသည်။ တချို့ရောဂါများက အစားအစာနှင့်မသက်ဆိုင်၍ ရှောင်စရာမလိုပေ။ အာဟာရပြည့်ဝအောင် စားသုံးမည်။ သန့်ရှင်းလတ်ဆတ်သော အစားအစာများကိုစားမည်။ ကျန်းမာရေးနှင့်အညီ နေထိုင်မည်ဟူသည့် ကျန်းမာရေးအသိရှိရမည့်အစား ကျန်းမာရေး ပြဿနာတစ်စုံတစ်ရာ ဖြစ်ပေါ်လာလျှင် အစားရှောင်ရန်သာ စိတ်ထဲစွဲနေတတ်ကြသည်။ ယင်းမှာ မှားယွင်းသည့်အယူအဆပင် ဖြစ်သည်။

အရေပြားမှိုစွဲရောဂါသည် ခန္ဓာကိုယ်၏မည်သည့်နေရာတွင်မဆိုဖြစ်နိုင်သည်။ စတွေ့တွေ့ချင်းတွင် ပုရွက်ဆိတ်ကိုက်သကဲ့သို့ အဖုသေးသေးလေးပေါ်လာသည်။ ထိုအဖုလေးသည် တစ်ပတ်အတွင်း အဝိုင်းလေးဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် အရေပြား၏အပေါ်ယံအလွှာက မှိုပိုး၏ အစာအာဟာရဖြစ်သည်။ ထို နေရာကိုစားသုံးပြီးလျှင် တခြားတစ်နေရာသို့ ပြောင်းကာ ထပ်စားသည်။ ယင်းနည်းဖြင့် ဖြစ်သည့်နေရာကျယ်သွားပြီး မြေကြီးကို လယ်ထွန်ထားသကဲ့သို့ အရေပြားက ပွလာသည်။

အရေပြားမှိုရောဂါတစ်မျိုးဖြစ်သောညှင်းသည် ရင်ဘတ်နှင့်ကျောကုန်းနေရာများတွင်ပေါက်သည်။ အဖြူအဖတ်များ အရေပြားပေါ်တွင် ပေါ်လာတတ်သည်။ ယင်းကို စပါးညှင်းဟုခေါ်ကြသည်။ ညှင်းကို ခရုသင်းနှင့်မှားတတ်ကြသည်။ ဆရာဝန်က ရောဂါရာဇဝင်နားထောင်ပြီး မှိုရောဂါဟုဆိုကာ မှိုသတ်ဆေး သောက်ဆေး၊ လိမ်းဆေးပေးပြီး ညွှန်းလွှတ်လိုက်သည်။

လက်သည်း၊ ခြေသည်းများတွင် မှိုရောဂါရှိနေသော် လက်သည်း၊ ခြေသည်း ပြောင်ချောချော ရှိနေနိုင်သော်လည်း အထပ်ထပ်များဖြစ်နေတတ်ပြီး အလွှာလွှာကွာကျသည်။ ရေနှင့်ဆက်စပ်သည့်အလုပ်လုပ်နေရသူများတွင် ခြေချောင်း၊ လက်ချောင်းများကြား အဖြူအဖတ်ကြီးများဖြစ်ပေါ်ပြီး အလွန်ယားယံတတ်သည်။ ယင်းကို ရေဝဲစားသည်ဟုခေါ်သည်။ ခြေသည်း၊ လက်သည်းများတွင် မှိုစွဲလျှင် ခြေသည်းနှံ၊ လက်သည်းနှံမဆိုးသင့်ပေ။ ဆေးထည့်ပြီး ရေခြောက်အောင်နေရမည်ဖြစ်သည်။ အဓိကအားဖြင့် လက်မတွင် မှိုစွဲရောဂါတွေ့ရတတ်သည်။ များသောအားဖြင့် ရေနှင့်ထိတွေ့ပြီး အလုပ်လုပ်ရသူများ၏ခြေထောက်တွင်လည်း တွေ့ရတတ်သည်။ ပါးစပ်တွင် မှိုစွဲသည်ကို မှက္ခရုဟု ခေါ်သည်။ ဦးရေပြားတွင်မှိုစွဲခြင်းကို ဗောက်ထသည်ဟုဆိုသည်။ ဦးရေပြားတွင် စိုက်နေသောဆံပင်အမြစ်အထိ မှိုပိုးများဝင်သွားလျှင်ရောင်လာပြီး ဆံပင်များကျွတ်ထွက်လာမည်။ ယင်းကိုတော်ရုံလူတွင် မတွေ့ရပေ။

အရေပြားမှိုစွဲခြင်းအများစုသည်ပြင်ပအကြောင်းအရာများကြောင့် ဖြစ်တတ်သော်လည်း တချို့လူများတွင် မှိုပိုးဝင်ခြင်း၊ မျိုးဗီဇဆိုင်ရာ စွဲလမ်းမှုရှိနေခြင်းတို့ကြောင့် ဖြစ်တတ်သည်။ ကိုယ်ခံအားစနစ်ကို ထိခိုက်စေသည့် ဥပမာ- လူးပတ် (Lupus) သို့မဟုတ် ဆိုလီယေးစစ် (Psoriasis) ကဲ့သို့သော အခြေအနေရှိသူများသည် ၎င်းတို့၏အားနည်းသွားသော အရေပြားအတားအဆီးကြောင့် မှိုပိုးဝင်နိုင်ခြေပိုများသည်။

အရေပြားမှိုစွဲရောဂါ ခံစားရပါက အထက်ဖော်ပြပါ လုပ်ဆောင်ရန်အချက်များအပြင် ကုသဆေးအနေဖြင့် လိမ်းဆေးရော သောက်ဆေးပါသုံးစွဲပါမှ နေ့စဉ်လူမှုဘဝတွင် ယားယံမှုကင်း ကျန်းမာခြင်းကို ရရှိစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသပေးခြင်း ကွင်းဆင်းဆောင်ရွက်



ဝါးခယ်မ ဇူလိုင် ၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဝါးခယ်မမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများအား အခမဲ့ဆေးကုသပေးခြင်းကို ရေလိန်ကျေးရွာရှိ မုနိရံသီဘုန်းတော်ကြီးကျောင်းဝင်း၌ ဇူလိုင်လ ၄ ရက်တွင် ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြခရိုင် ပြည်သူ့ဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ အရိုးအထူးကုဆရာဝန်ကြီး၊ အထွေထွေရောဂါကုသမားတော်၊ ကလေးအထူးကုဆရာဝန်၊ မျက်စိအထူးကုဆရာဝန်၊ အရေပြားအထူးကုဆရာဝန်၊ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်နှင့် နာ၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်၊ ခွဲစိတ်အထူးကုဆရာဝန်များနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများပူးပေါင်း၍ ကျေးရွာနေပြည်သူများအား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးကြသည်။

ဆေးကုသရာသို့ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝါးခယ်မမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝါးခယ်မမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ဆေးကုသပေးနေမှုများကိုကြည့်ရှု၍ လိုအပ်သည်များကူညီဆောင်ရွက်ပေးခြင်း၊ ဆေးကုသရန်လာရောက်သောပြည်သူများအား အာဟာရမုန့်နှင့်ထမင်းဘူးများပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ

၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြ



ကြို့ပင်ကောက် ဇူလိုင် ၄

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တမံဆည်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်လှုပ်ရှားမှုအဖြစ် ထိုင်းနှံကောက်မိုးစပါးအား ၁၀ တန်းသွား မျိုးစေ့ချကိရိယာဖြင့် မိုးစပါးအစေ့ချစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲကို ဇူလိုင်လ ၃ ရက်တွင် ကျင်းပသည်။

သရုပ်ပြပွဲတွင် ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးဇော်မြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး စောမောင်ဇွန့်၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက တောင်သူ ဦးနောင်နောင်ဝင်း၏ လယ်မြေ ၅ ဧကကွင်း၌ ထိုင်းနှံကောက်စပါးအား ၁၀ တန်းသွားမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးသည်။

ထို့နောက် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသည် ကြဲခင်းထက် မျိုးစေ့နှုန်းထားလျှော့ချနိုင်ခြင်း၊ လုပ်သားအင်အားလျှော့ချနိုင်ခြင်း၊ ပျိုးနုတ်ရန်မလိုအပ်ခြင်းကြောင့် ပျိုးပင်ထိခိုက်မှုသက်သာစေခြင်း၊ အမြစ်ကြီးထွားဖွံ့ဖြိုးမှု စောစီးစွာရရှိစေခြင်း၊ ရေကြီးနစ်မြုပ်ခြင်းနှင့် ရေငတ်ဒဏ်ကို ပိုမိုခံနိုင်ရည်ရှိစေခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)

ကမမောင်းမြို့၌ မြို့နယ်ကျောင်းပေါင်းစုံ အသက် ၁၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ကမမောင်း ဇူလိုင် ၄

ကရင်ပြည်နယ် ကမမောင်းမြို့၌ ကျောင်းပေါင်းစုံ အသက် ၁၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၄ ရက် မွန်းလွဲပိုင်းတွင် ကမမောင်းမြို့ မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ဖာပွန်မြို့နယ်ပညာရေးမှူး ဦးသိန်းဦးက ကျောင်းသားလူငယ်များ အသင်းအဖွဲ့စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုရှိစေရန်၊ ကျောင်းပေါင်းစုံချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် မိမိတို့ဒေသကိုယ်စားပြု မျိုးဆက်သစ်လက်ရွေးစင်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာအကြီးအကဲများက အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အားကစားပစ္စည်းများ ပံ့ပိုးပေးအပ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဖာပွန်ခရိုင်ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း၊ ဖာပွန်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးစိုင်းညွန့်မောင်၊ ဖာပွန်မြို့နယ် ခေတ္တအုပ်ချုပ်ရေးမှူး ဦးစည်သူဖြိုး၊ ဖာပွန်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးဇော်မင်းဦး၊ ဖာပွန်မြို့နယ် ပညာရေးမှူး ဦးသိန်းဦး၊ ကမမောင်းမြို့အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ နှင့် အားကစားဝါသနာရှင်များတက်ရောက်ကြသည်။

ယခုကျင်းပသည့်ပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ ကျောင်းအသီးသီးမှ ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလကို ဇူလိုင်လ ၄ ရက်မှ ၁၇ ရက်အထိ အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)(၁)အသင်းနှင့် အခြေခံပညာမူလတန်းလွန်ကျောင်း (၂) အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ အားကစားဝါသနာရှင်များနှင့် ကျောင်းသားမိဘများက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၄၀၆)

မိုးညှင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



မိုးညှင်း ဇူလိုင် ၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်သာယာကုန်းခေတ်မီစံပြကျေးရွာ၌ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ (World Rural Development Day) အထိမ်းအမှတ်အဖြစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင်လ ၃ ရက်တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခေတ်မီစံပြကျေးရွာအင်္ဂါရုပ်နှင့်အညီ ကျေးရွာစိမ်းလန်းစိုပြည်စေရန်၊ သစ်တောပြုန်းတီးခြင်းမှကာကွယ်စေရန်နှင့် လေကောင်းလေသန့်များရရှိစေရန် ရည်ရွယ်ပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ပျိုးပင်များ ပံ့ပိုးမှုဖြင့် အမြင့် ၂ ပေနှင့် အထက်ရှိသော အရိပ်ရနစ်ရှည်ပင်များဖြစ်သည့် ကံကော်ပင် ၃၀၊ ခရေပင် ၂၀ နှင့် မန်ကျန်ရှားပင် ၂၀၀ စုစုပေါင်း ပျိုးပင်အမျိုးအစား သုံးမျိုးနှင့် အပင်အရေအတွက် ၂၅၀ ကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်း၊ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စီမံကိန်းကျေးရွာကော်မတီဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက သတ်မှတ်နေရာများ၌ စိုက်ပျိုးကြကြောင်း သိရသည်။ ရွှေမိုးညွှင်း

နိုင်ငံတော်အဆင့်ရွှေဥည့်သည်

- မြန်မာလာအို မိတ်ဆွေရင်း အိမ်နီးချင်း နှစ်နိုင်ငံ။
- နှစ်နိုင်ငံ ချစ်ကြည်မြူးလို့ ကူးလူးဆက်ဆံ။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် လက်ပွန်းတတီး။
- ချစ်ကျွမ်းဝင် ဖက်လဲတကင်းရယ်နဲ့ ရင်းရင်းနှီးနှီး။
- လာအိုနိုင်ငံ သမ္မတက သင်္ဂီဟတရား လေးစားကာ။
- တို့နိုင်ငံ သမ္မတအား ဖိတ်ကြားခဲ့ရာ။
- တို့သမ္မတ ကြွရောက်လာ ဝမ်းပန်းတသာ အကြိုထောက်။
- နိုင်ငံတော်အဆင့် ရွှေဥည့်သည်မို့ ဂုဏ်တင့်တယ် မင်းခမ်းမင်းနားရယ်နဲ့ သွားလမ်းတစ်လျှောက်။
- နှစ်နိုင်ငံ သမ္မတတို့ ဆုံတွေ့ကြ နှစ်ကိုယ်ယှဉ် နှုတ်ခွန်းချီလွင်။
- "ရှိရင်းစွဲ သံယောဇဉ် နောင်အစဉ် ရှင်သန်ရေး"။
- "ချစ်ကြည်ရေး ခရီးစဉ် အမြင်ချင်းဖလှယ် ဆွေးနွေး"။
- နှစ်နိုင်ငံ စည်သာဖြိုးအောင် ကောင်းကျိုးဆောင်ပေး။
- တို့နိုင်ငံ သမ္မတနဲ့ လာအိုနိုင်ငံ သမ္မတတို့ ပြင်းပြတဲ့ ဆန္ဒမှန်။
- နှစ်နိုင်ငံ စည်သာအေးဖို့ မြော်တွေးရည်သန်။
- ပူးပေါင်းလို့ လက်တွဲရန် သန္နိဋ္ဌာန် ခိုင်မြဲ။
- ရှေ့သို့ချီ ပန်းတိုင်ရောက်အောင် လျှောက်လှမ်းဖို့ပဲ။ ။

ရေနံ့သာမောင်ကျော်ညွန့်

နိပါတ်တော်လာ သိမှတ်စရာ အကြံကောင်းသောသူဌေး(စလသေဋ္ဌိဇာတ်)



ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် စူဠသေဋ္ဌိအမည်ရှိသော သူဌေးကြီးဖြစ်လေ၏။ သူဌေးကြီးသည် ဗြဟ္မဒတ်မင်းအားခစားရန် အိမ်မှထွက်ခွာလာရာလမ်းတွင် ကြွက်သေတစ်ကောင်ကို တွေ့လတ်သော် "ဉာဏ်ပညာနှင့် ပြည့်စုံသူသည် ဤကြွက်သေကို အရင်းပြု၍ ကြီးပွားချမ်းသာနိုင်သည်" ဟု ဆိုလိုက်လေ၏။

ထိုစကားကို ဆင်းရဲသားတစ်ယောက်က ကြားရပြီးသော် ယင်းကြွက်သေကို ဈေးဌေကြောင်စာအဖြစ်ရောင်းချခြင်းဖြင့် အသပြာတစ်ခြင်ရွေးရ၏။ ထိုအသပြာဖြင့် တင်လဲဝယ်ယူကာ ပန်းသည်များအား တင်လဲအနည်းငယ်စီကျွေး၍ သောက်ရေပေး၏။ ပန်းသည်များက ပန်းတစ်ဆုပ်စီပြန်ပေးကြရာ ထိုပန်းများကိုရောင်းရသည့် အသပြာဖြင့် တင်လဲများ ထပ်မံဝယ်ယူပြန်၏။

နောက်တစ်နေ့တွင် ပန်းခြံသို့လိုက်သွားကာ ပန်းသည်များအား တင်လဲကျွေး၍ ရေတိုက်ပြန်၏။ ပန်းသည်များက ငှင်းတို့ပန်းများထဲမှ တစ်ဝက်စီခွဲပေးကြသဖြင့် ယင်းပန်းများကို ရောင်းချရာ အသပြာရစ်ပြားရလာ၏။ တစ်နေ့တွင် မိုးသက်လေပြင်းကျရောက်သောကြောင့် မင်းဥယျာဉ်ရှိ သစ်ကိုင်းများကျိုးကြေကုန်၏။ သူဆင်းရဲသည်ကလေးများအားတင်လဲကျွေး၍ ထိုသစ်ကိုင်းများကို သယ်ထုတ်စေကာ ဘုရင့်အိုးတော်လုပ်အား ရောင်းချရာ အသပြာတစ်ဆယ့်ခြောက်ပြားနှင့် အိုးငါးလုံးရလိုက်၏။ စုစုပေါင်း အသပြာ ၂၄ ပြား ပိုင်ဆိုင်လာပြီဖြစ်၏။

တစ်ဖန်မြက်ရိတ်သမားတို့အား သောက်ရေများပေးဝေပြန်၏။ မြက်ရိတ်သမားများက "အကူအညီလိုပါက ပြောပါ၊ ကူညီမည်" ဟု ဆိုကြ၏။ ထို့နောက် မိတ်ဆွေသစ်ထပ်မံရှာဖွေရာ ဆိပ်ကမ်းအရာရှိနှင့် ကုန်းလမ်းဘက်ဆိုင်ရာ ဝန်ထမ်းတို့ကိုတွေ့ရ၏။ တစ်နေ့တွင် ကုန်းလမ်းဘက်ဆိုင်ရာ ဝန်ထမ်းက "မနက်ဖြန်တွင် ဤမြို့သို့ မြင်းကုန်သည်တစ်ယောက်လာမည်၊ မြင်းကောင်ရေ ၅၀၀ ပါလာမည်" ဟု သတင်းပေး၏။

သူဆင်းရဲသည်မြက်ရိတ်သမားတို့ထံသွား၍ မြက်တစ်စည်းစီ တောင်းယူ၏။ မြင်းကုန်သည် ရောက်ရှိလာသော် ထိုမြက်များကို ရောင်းချခြင်းဖြင့် အသပြာတစ်ထောင်ရရှိလာ၏။ ထိုမှသုံးလေးရက်ခန့်အကြာတွင် ဆိပ်ကမ်းအရာရှိက "ဤဆိပ်ကမ်းသို့ ကုန်တင်လှေကြီး ဆိုက်ကပ်လာမည်" ဟု သတင်းပေး၏။

ဤတွင် သူဆင်းရဲသည် ရထားတစ်စင်းနှင့် လူအချို့ကိုငှားကာ အခြွေအရံပရိသတ် အဖြစ်တင်ပြီး ရထားစီး၍ ကုန်သည်ကြီး ဟန်ဖြင့် ဆိပ်ကမ်းသို့ဆင်းလာခဲ့၏။ လှေပါကုန်အားလုံးကို အရောင်းအဝယ်ပြုရန် ကတိပြုကြပြီး လှေသူကြီးအားသစ္စာပြုစေသည့်အနေဖြင့် လက်ဆောင်လက်စွပ်တစ်ကွင်းပေး၏။ ထို့နောက် သူသည် ကန့်လန့်ကာသုံးထပ်ကာ၍ အထဲတွင်ခမ်းနားစွာနေထိုင်လေ၏။

ကုန်တင်လှေကြီး ဆိုက်ရောက်သည့် သတင်းကြောင့် ဗာရာဏသီမှကုန်သည်တစ်ရာတို့မှာ လှေဆိပ်သို့ကုန်ဝယ်ဆင်းလာကြ၏။ သို့သော် လှေသူကြီးနှင့် ရောင်းဝယ်၍ မရတော့ပေ။ ကန့်လန့်ကာသုံးထပ်အတွင်းမှ သူဆင်းရဲနှင့်တွေ့ခွင့်ရရန် တစ်ကန့်စီတိုင်းတွင် အသပြာတစ်ထောင်ပေးမှတွေ့ခွင့်ရကြ၏။ နောက်ဆုံးတွင်လှေပါကုန်အားလုံးတန်ဖိုးနှင့်တကွအသပြာတစ်သိန်းဖြင့် အရောင်းအဝယ်တည့်သွားကြ၏။

ကြွက်သေတစ်ခုကို အရင်းပြု၍ ချမ်းသာလာသော ထိုအမျိုးသားသည်သူ့အား ကူညီထားသူများ၏ကျေးဇူးကိုမမေ့ချေ။ စူဠသေဋ္ဌိသူဌေးထံသွား၍အသပြာတစ်သိန်းကန်တော့၏။ သူဌေးက အကျိုးအကြောင်းမေးမြန်းရာ ကြွက်သေတစ်ခုအရင်းပြုရာမှ လေးလအတွင်း အသပြာနှစ်သိန်းကြွယ်ဝလာပုံကိုပြောပြ၏။ စူဠသေဋ္ဌိသူဌေးသည် ထိုသူ၏ ကြံရည်ဖန်ရည်ကိုသဘောကျနှစ်သက်၍ ငှင်း၏သမီးပျိုနှင့် လက်ထပ်ထိမ်းမြားပေးလေ၏။

နိပါတ်တော်လာ သိမှတ်စရာအနေဖြင့် ကူညီစောင်မသူ မိတ်ကောင်းဆွေကောင်းများရှိခြင်း၊ မိမိကိုယ်တိုင်၏ ကြံရည်ဖန်ရည်ရှိခြင်းတို့သည် ကြီးပွားအောင်မြင်ခြင်း၏ အကြောင်းတရားများပင် ဖြစ်ပေသည်။ ။

သုတကြွယ်

လူယေ်နှင့် အောင်မြင်ရေး

စိတ်မလျှော့နှင့်

ဖိမိုးနင်း

ငွေကြေးဥစ္စာသည် လွန်စွာတန်ခိုးကြီး၏။ သို့ပင် တန်ခိုးကြီးသော်လည်း လူလုပ်လျှင်ရနိုင်ကြောင်း၊ ဒိဋ္ဌလမ်းကြောင်းတွေ အထင်အရှားရှိပါလျက် ကံထူးသူများမှာသာ ရနိုင်လေသည်ဟု စွဲမှတ်ကာ စိတ်လျှော့တတ်ကြလေသည်။

စိတ်ကိုအမှန်မလျှော့လျှင် အရှိန်ပြန်၍ရနိုင်လေသည်။ ပျားများမှာ လူများက ဖွပ်သော်လည်း ကံကိုမတွေး၊ မဖြစ်နိုင်ဟူသော စကားကိုမသိ။ လုပ်လျှင် ပြန်၍ဖြစ်သည်ဟူသော အစွဲတစ်ခုတည်းကိုထားပြီး ပျက်စီးသောအုံကို ပြန်၍ဖြစ်အောင်လုပ်ကြသဖြင့် ပြန်၍ရကြလေသည်။

မည်မျှပင် အရည်အချင်းရှိစေကာမူ စိတ်လျှော့လိုက်သည်နှင့် အရာအားလုံး ရပ်တန့်သွားပေမည်။ အလွန်ကွာဝေးသော ခရီးကို တစ်ရက်တည်းနှင့် မရောက်နိုင်သော်လည်း တစ်လှမ်းချင်းစီ စဉ်ဆက်မပြတ် လျှောက်လှမ်းနေခြင်းဖြင့် ပန်းတိုင်သို့ မုချဧကန် ရောက်ရှိရမည်ဖြစ်သည်။

လုပ်ကိုင်ကြံစည်၍ မဖြစ်ကြသည်မှာ အများအားဖြင့် စိတ်လျှော့ခြင်းကြောင့်လည်းကောင်း၊ ကြီးမားမြားမြောင်သော ဥစ္စာပစ္စည်းတို့ကို တစ်ချက်တည်း လျင်မြန်စွာရလိုသော လောဘကြောင့်လည်းကောင်း ပြန်၍မရဘဲ နေကြရလေသည်။ တဖြည်းဖြည်းပြန်၍ ထူထောင်လုပ်ကိုင်လျှင် ရနိုင်ဖို့နည်းလမ်း ရကိုရမှာပဲဟူသော တစ်သန်တည်းစိတ်နှင့် လုပ်ချေက ဧကန်ရကြမည်ကား ဓမ္မတာဖြစ်လေရာ လူမသေ၊ ငွေမရှား ဟူသော စကားအရ လူမသေဖို့သာ လိုလေရာ မသေမူ၍ ရှာလျက်ရှိနေသမျှကာလပတ်လုံး မှန်မှန်ကြီးရလျက် တိုးတက်၍သာ ရှိစေနိုင်သော ကျိန်းသေအရောင်းအဝယ်အလုပ်တွေများစွာရှိကြလေသည်။

ကြီးပွားလိုသူတို့၏စိတ်၌ ပစ္စည်းတွေ ထောင်ပုံ၊ သောင်းပုံ၊ သိန်းပုံ၊ သန်းပုံတွေ တွေး၍ လေထဲမှာ တိုက်အိမ်မဆောက်ကောင်းပေ။ ထိုတိုက်အိမ်များမှာ ကြီးကျယ်လွန်းသဖြင့် ဖြစ်မှာမဟုတ်ပါဘူး ဟူသော ကြောက်စိတ်ကို ပေါ်ပေါက်စေတတ်လေသည်။ ထို့ကဲ့သို့ အကြီးအကျယ်အတွက်မကြံမူ၍ တစ်နေ့ထက်တစ်နေ့ တစ်ပဲ၊ နှစ်ပဲ၊ နက်ဖြန်လေးပဲဖြစ်မှာပဲ။ လေးပဲရလျှင် ငါးမူးဖြစ်ဖို့ မခဲယဉ်းဘူးဟူသော အနုစိတ်၊ အသေးစိတ်ကိုတွေးကာ လက်ရှိအခြေကို တိုးပွားအောင်လုပ်လျှင် မသေမပျောက်က တိုးပွားရမည်ဖြစ်လေသည်။

မရှိသော တိုက်ကြီးကို လေထဲ၌ ဆောက်၍နေချေက အဘယ်မှာအုတ်မြစ်ကို အဘယ်ပုံချရမည် မသိသဖြင့် တစ်ကြောင်း၊ ကြီးလွန်းသဖြင့် အားလျော့၍လည်းကောင်း၊ စိတ်ထဲမှာသာ ဆောက်ဖြစ်လျက် လက်က မရောက်၊ အထည်ကိုယ်မပေါ် အိပ်မက်ကဲ့သို့သာဖြစ်၍ နေဖို့ရှိပေသည်။ သို့ဖြစ်လေရာ စိတ်မပျက်သမျှ အဘယ်အခါမျှ လုံးလုံးကြီးမပျက်တတ်ပေ။ တိုးရမည်ဟူ၍သာ အမြဲပုံသေ ယုံကြည်အပ်ကြပေသတည်း။ ။

ဆရာကြီးဗိမိုးနင်း၏ "သုခချမ်းသာစိတ်ပညာ" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။

ဆိုရိုးစကား အလေးထား

ခင်ရာဆွေမျိုး

ဆွေမျိုး မတော်စပ်သော်လည်း မိမိနှင့် ခင်မင်ရင်းနှီးသူသည် မိမိအဖို့ ဆွေမျိုးပင်ဖြစ်သည်။ (မြိန်ရာဟင်းကောင်း၊ **ခင်ရာဆွေမျိုး**-ဟူ၍လည်း အဆိုရှိသည်။)

"သူ့မိဘနှင့် ငါ့မိဘလည်း မြိန်ရာဟင်းကောင်း၊ **ခင်ရာဆွေမျိုး**များဖြစ်ကြ၏။" [၁၂၉၅-ခန့်] ချစ်ဝေ။ ၆။

စိတ်ထားတတ် မြတ်

စိတ်သဘောထား ကောင်းမွန်စွာထားတတ်ပါက မိမိအတွက် ကောင်းကျိုးအမြတ်ရနိုင်သည်။

"**စိတ်ထားတတ် မြတ်**သည်ဆိုတဲ့အတိုင်း ဘယ်လိုပင် ကျပ်သော်လည်း စိတ်ထားတတ်လျှင် မြင့်မြတ်တဲ့ ကုသိုလ်အထုပ်ကို ပြုလုပ်ဆည်းပူးနိုင်တယ်။" [၁၂၇၈] သာရီ၊ ဆ။ ၁၃၁။

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

နွယ်မြက်သစ်ပင်တိုင်းသည် ဆေးဖက်ဝင်သည်။

"စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏။" [၈၅၃] ပါမိ * ၁၂။

"ကတိသစ္စာ၊ တည်သောခါမူ၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ **နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်**၏ ဟူ၍ ရှေးပညာရှိတို့ စပ်ဆိုထားခဲ့သည့်အတိုင်း သစ္စာရှိလျှင် သစ်ပင်တို့သည်ပင်လျှင် အဆီသြဇာတက်ရလေသေး၏။" [၁၂၇၅] စာဏကျ။ ပ။ ၅၀။

"ကတိသစ္စာ၊ မှန်သောခါ၊ သစ္စာလေးနက်၊ ပေါ်သစ်ထွက်၊ **နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်**ဟူသော ရှေးပေါရာဏစကားမှာလည်း ဤသို့မှန်ကန်သော အရာဌာန သစ္စာပုဗ္ဗင်္ဂမမျိုးကိုရည်၍ ဆိုခဲ့ပေတာပဲ။" [၁၂၉၇] ဒေတိ။ ၄၃။

ပညာရှိ တွေးကြည့်လျှင် ပြေးကြည့်သည်ထက် မှန်သည်

အခြင်းအရာတစ်ခုကို ပညာမဲ့သူက ကိုယ်တိုင်သွားရောက်လေ့လာပြီး ပြန်ပြောပြသည်ထက် ပညာရှိသူက အဝေးမှ မှန်းဆပြောဆိုခြင်းက ပိုမိုထိရောက်မှန်ကန်သည်။ **(ပညာရှိ တွေးသည်ကို ပညာမဲ့ပြေး၍ ကြည့်သည်မတန်။ ပညာရှိအတွေး ပြေးကြည့်သလို** - ဟူ၍လည်း အဆိုများရှိသည်။)

"ရှေးသူဟောင်းတို့သည် **ပညာရှိတွေးသည်ကို ပညာမဲ့ပြေး၍ ကြည့်သည် မတန်** ဟူ၍ ဆိုကုန်၏။" [၉၈၁] ယသ၊ ပ။ ၄၁။

"ဘုရင်မင်းကြီးစွာလည်း စည်းတပစ်ကို ခေါ်တော်မူ၍ ပညာရှိတွေးသည်ကို ပညာမဲ့ ပြေး၍ ကြည့်သော်မတန် ဟု ချီးမွမ်းတော်မူပြီးမှ" [၁၀၈၀-ခန့်] ကုလား၊ ပ။ ၃၆၇။

"**ပညာရှိအတွေး ပြေးကြည့်သလို** ဆိုတာလို ပညာရှိတဲ့ပုဂ္ဂိုလ်များတွေးတဲ့အချက်တွေဟာ လွန်စွာမှန်တတ်တယ်။" [၁၉၆၆] မဏ္ဍရီ၊ မ။ ၁၂၇။

"**ပညာရှိတွေးကြည့်လျှင် ပညာမဲ့သူ ပြေးကြည့်သည်ထက် မှန်သည်**ဆိုတဲ့ စကားဟာ ကျုပ်အတွက်တော့ ပူပူနွေးနွေး ကိုယ်တွေ့မို့ တကယ် သဘောပေါက်ပါတယ်။" [၁၃၂၃] ဗညားနွဲ့။ ၇၆။

မှန်တာပြော သစ္စာ

ဟုတ်မှန်သော စကားကိုပြောဆိုခြင်းသည် သစ္စာဆိုသည်မည်၏။

"**မှန်တာပြော သစ္စာ** ဆိုတာလို အကြောင်းအားလျော်စွာ ကျွန်တော်၏အဖြစ်အပျက်ကလေးကို တစ်ဆင့်တက်ပြီးပြောပါရစေတော့။" [၁၉၀] သူရိယ၊ ၁၂၊ ၈။ ၁၂၃။

"မှန်တာပြော သစ္စာ ဆိုသည့်အတိုင်း အသုံးချတတ်လျှင် အသုံးကျနိုင်ပါတယ်။" [၁၃၀၉] ဒဂုန်၊ ၂၁၊ ၅။ ၃၄။

သက်ကြီးစကား သက်ငယ်ကြား

သက်ကြီးရွယ်အို၏ ဆိုစကားကို ငယ်ရွယ်သူတို့က မှတ်သားလိုက်နာရသည်။

"**သက်ကြီးစကား၊ သက်ငယ်ကြား**ဖြင့်၊ မှတ်သားဝေါဟာ၊" [၁၂၃၇] အောလင်။ ၂၅။

"ဤအကြောင်းမှာ ရာဇဝင်တွင် မပါသော်လည်း **သက်ကြီးစကား သက်ငယ်ကြား**ဆိုသော စကားအစဉ်အလာ ရှိရုံမက၊"[၁၂၈၅] ချုပ်ပုံ၊ တ။ ၉။

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့က ထုတ်ဝေသည့် "မြန်မာဆိုရိုးစကား" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုရိုးရာသဘာဝဆပ်ပြာပြုလုပ်ရန် ထုတ်လုပ်ထားသည့် ဆပ်ပြာဆီများအား ပုံစံခွက်အတွင်းသို့ ပုံလောင်းပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူတို့က အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇနီးဒေါ်ကြူကြူလှ Patuxai (Victory Gate) ၌ လှည့်လည်ကြည့်ရှုလေ့လာစဉ်။

⇨ **ကျော်ဖုံးမှအဆက်**

ဆပ်ပြာဆီများအား ပုံစံခွက်အတွင်းသို့ ပုံလောင်းပေးပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပိုးထည်များထုတ်လုပ်မှုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရရှိမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး ပိုးများမွေးမြူထားရှိမှုနှင့် ချည်များထုတ်လုပ်မှု၊ ချည်ဆေးဆိုးခြင်းနှင့် ပိုးထည်များကို ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုလေ့လာကြကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များပြန်လည် မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတ ပုံလောင်းထည့်ပေးထားသည့် လာအိုရိုးရာသဘာဝဆပ်ပြာအား လက်ဆောင်အဖြစ်ပေးအပ်ပြီး နိုင်ငံတော်သမ္မတက လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts သည့်သည် တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် လာအိုအသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ တာဝန်ရှိသူတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့သည်။

အဆိုပါလာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts သည် လာအိုကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုမြှင့်တင်၍ လာအိုရိုးရာလက်မှုပညာများကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းမှုအတွက် တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်ဖြစ်သည့်အပြင် လက်မှုပညာဆိုင်ရာ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် ဈေးကွက်အခွင့်အလမ်းများရှာဖွေပေးခြင်းများကိုဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်း၏ မျှော်မှန်းချက်မှာ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများဖန်တီးပေးရန်နှင့် ၎င်းတို့နှင့်ဆက်စပ်သည့် လူမှုအသိုင်းအဝိုင်းများတွင် ပတ်ဝန်းကျင်နှင့်ယဉ်ကျေးမှုအရသင့်လျော်ကိုက်ညီသော လုပ်ထုံးလုပ်နည်းများကို မြှင့်တင်ပေးရန်ဖြစ်ကြောင်း၊ Phontong Handicraft Cooperative (PHC) ကို ၁၉၇၆ ခုနှစ်တွင် ဗီယင်ကျန်းမြို့ရှိ ဖွန်ထုံကျေးရွာတွင် နေထိုင်သော အမျိုးသမီး (၁၀) ဦးက ၎င်းတို့ထုတ်လုပ်သည့် လက်မှုပစ္စည်းများကို စုပေါင်းရောင်းချနိုင်ရန် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ Patuxai (Victory Gate) သို့သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။


ဆက်လက်၍ Patuxai (Victory Gate) ၌ လှည့်လည်ကြည့်ရှုလေ့လာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် Patuxai (Victory Gate) ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါဗီယင်ကျန်းမြို့တွင်တည်ရှိသော Patuxai (Victory Gate)သည် နိုင်ငံ၏ အထင်ကရအထိမ်းအမှတ်အဆောက်အအုံတစ်ခုဖြစ်ကြောင်း၊ အဆို Patuxai (Victory Gate) ကို ၁၉၅၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၈ ခုနှစ်တွင်ပြီးစီးခဲ့ကြောင်း၊ Patuxai (Victory Gate) သည် လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် နိုင်ငံအတွက်အသက်ပေးခဲ့သောစစ်သည်များကို ဂုဏ်ပြုရန် တည်ဆောက်ထားခြင်းဖြစ်ပြီး အဆောက်အအုံ၏ဒီဇိုင်းမှာ ပြင်သစ်နိုင်ငံ၏ Arc de Triomphe မှယူထားသော်လည်း လာအိုရိုးရာဗုဒ္ဓဘာသာနှင့်ဟိန္ဒူအနုပညာလက်ရာများဖြင့် အလှဆင်ထားခြင်းဖြစ်ကြောင်း၊ Patuxai (Victory Gate) အတွင်းနံရံများနှင့် မျက်နှာကြက်များတွင် နတ်သမီး၊ ကင်းနရီနှင့် ပန်းနွယ်အလှဆင် ပန်းပုလက်ရာများကို မြင်တွေ့နိုင်ပြီး အပေါ်ဆုံးရှုခင်းကြည့်စင်မှ Vientiane မြို့၏ မြင်ကွင်းကျယ်ကို ကြည့်ရှုနိုင်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်သည့် နေရာတစ်ခုလည်းဖြစ်ကြောင်းသတင်းရရှိသည်။

မြဝတီ

ပါရမီဖြည့်ဖက် တွဲလက်ယှဉ်သော အာဆီယံဒေသတွင်းသို့ ခိုင်မာခြေတစ်လှမ်း

သက်လွင်(PPIB)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစွတာ ထောင်လွန်း ဆီဆုလစ်တို့ ဇူလိုင်လ ၃ ရက်က နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တွေ့ဆုံဆွေးနွေးစဉ်။

ဧနီးတို့မှာ အထူးလေယာဉ်၏ တံခါးပေါက်မှ အပြုံးနှစ်ခြဲရံလျက် နွေးထွေးသော လက်တစ်စုံဖြင့် နှုတ်ဆက်လက်ပြခဲ့သေး၏။ ဤမြင်ကွင်းကား စာရေးသူရင်ထဲ တစ်ခုခုတိုးဝှေ့လာသလို သိသိသာသာ ခံစားလိုက်ရသည်။

နိုင်ငံတော်အကြီးအကဲနှင့် ဧနီးတို့၏ အပြုံးကိုယ်စီနှင့် နှုတ်ဆက်နေပုံနှာမှာ မိဘနှင့်သားသမီးဟူသော ခံစားချက်ကို အမှတ်မထင် ထင်ကျန်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲမှာ နက်ပြာရောင် Suit ကို ဝတ်ဆင်ထားပြီး နိုင်ငံတော်အကြီးအကဲ၏ ဧနီးမှာ လိမ္မော်ရောင်လွှမ်းသော မြန်မာအမျိုးသမီးဝတ်စုံကို လှပကြော့ရှင်းစွာ ဝတ်ဆင်ထားသည်။ ခေတ်မီဆန်းသစ်မှုနှင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာအမျိုးသမီးများ၏ တည်ငြိမ်မှုကို နိုင်ငံတော်အကြီးအကဲ၏ဧနီး ဆင်မြန်းမှုက အမှတ်မထင် ကိုယ်စားပြုပုံဖော်ပြသွားသည့်ပမာ အကြိုလှုပ်ရှားမှု “ပုလဲရတု စွမ်းအားပြု၊ ဂုဏ်ယူဝင့်ကြွား မြန်မာအမျိုးသမီးများ” ဝတ်စားဆင်ယင်မှုပြပွဲနှင့် ရုပ်ရှင်သဘင် ဂီတဖျော်ဖြေပွဲသို့ တက်ရောက်ခဲ့သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကဖြစ်သူ နိုင်ငံတော်သမ္မတ၏ဧနီး အခမ်းအနားတက်ရောက်ခဲ့စဉ်က ဝတ်စားဆင်ယင်မှုနှင့် ပုံရိပ်များကို အမှတ်မထင် ပြေးလို့မြင်ယောင်မိပါသေးသည်။ ဤကားစာရေးသူ၏ ကိုယ်ပိုင်ခံစားချက်အမြင်သာ။ မည်သို့ဆိုစေ ယခုခရီးစဉ်ကား ပါရမီဖြည့်ဖက် တွဲလက်ယှဉ်သော နိုင်ငံတော်အတွက် အကျိုးမျှော်ရည်ကောင်းခြင်းသီသည့် အာဆီယံဒေသတွင်းသို့ ခိုင်မာသောခြေတစ်လှမ်းအဖြစ် ကမ္ဘည်းတင်နိုင်ခဲ့လေပြီ။

ဟိုသည်တစ်ကွက်အဖြူရောင်ဆေးစက်တို့ပမာ တိမ်တိုက်များဖြင့် ခြယ်သထားသော ဝေဟင်ထက်ဝယ် နိုင်ငံတော်သမ္မတ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွတ်တော်ဥက္ကဋ္ဌ ဒေါက်တာဆေဆုံဖုန်း ဖုန်ဝိဟိန်တို့ ဇူလိုင်လ ၃ ရက်က တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဆွန်ဆိုင် စီဖန်ဒွန်တို့ ဇူလိုင်လ ၃ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

အုံ့မှိုင်းကာဝေ မိုးသားရိပ်တွေပြည့်နှက်သော်ငြား ကြည်လင်သာစွာ ရာသီမှာလည်း မှိုင်းပြာတစ်ဝက် အကြည်ဓာတ်တို့ ရောယှက်ခြယ်မှုန်းထားသည့်နှယ်။ သည်ကြားထဲ အနွေးဓာတ်လေးများကလည်း လောကဓာတ်ကို မဝံ့မရဲလွှမ်းခြုံထားသေး၏။ ဤပုံရိပ်ကား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်မည့် (State Visit) ချစ်ကြည်ရေးခရီးစဉ်အစကို ကြုံဆိုနေသည့်မြင်ကွင်းများပင်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစွတာ ထောင်လွန်း ဆီဆုလစ်၏ ဖိတ်ကြားချက်အရ ၂၀၂၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံသို့ထွက်ခွာမည့် အထူးလေယာဉ်ပေါ်သို့ တရွှေ့ရွှေ့တက်လှမ်းသွားခဲ့လေပြီ။ နိုင်ငံတော်သမ္မတကြီးနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ဧနီး ဒေါ်ကြူကြူလှ ဇူလိုင်လ ၃ ရက်က လာအိုအနုပညာပြတိုက်သို့ သွားရောက်လေ့လာစဉ်။

ခံစားရ၏။

ဇူလိုင်လ ၃ ရက်တွင် ကျင်းပခဲ့သည့် ဦးမင်းအောင်လှိုင်နှင့်ဧနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ **စာမျက်နှာ ၁၃ သို့ ▲**

▲ စာမျက်နှာ ၁၂ မှအဆက်

လိုက်ပါလာသည့် အထူးလေယာဉ်မှာ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ တရွေ့ရွေ့ခရီးနှင်နေဆဲပင်။ တိမ်တိုက်များကြားဝယ် ဝိုးတဝါးတစ်ချက် ထင်သာတစ်ကွက်ဖြင့် လာအိုနိုင်ငံ၏ တောတောင်သဘာဝများကို စတင်တွေ့မြင်နေရပေပြီ။

လာအိုနိုင်ငံ၏အထင်ကရ မဲခေါင်မြစ်ကြီးမှာ တောတောင်များ၊ သဘာဝဆည်ကြီးများ၊ မြစ်လက်တက်များခြံရံလျက် ကျေးလက်၊ မြို့ပြများကို ရစ်သိုင်းဖွဲ့ကာ တည်ငြိမ်စွာစီးဆင်းနေသည်ကိုလည်း တိမ်တိုက်များကြားခွဲ မြင်တွေ့နေရသေးသည်။ တိမ်တိုက်များကြားတွင် လာအိုနိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းကြီးတစ်ခုကိုလည်း ဝေဟင်ထက်မှ အမှတ်မထင်တွေ့မြင်နေရသေး၏။ တရွေ့ရွေ့နှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာသည့် အထူးလေယာဉ်မှာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်ခဲ့လေပြီ။ မိုးသားတစ်ကွက် အဖြူရောင်တိမ်လိပ်တစ်ဖက် ရောယှက်မှုနှင့်အတူ ကြည်လင်သော ရာသီဥတုခြယ်သလျက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရာသီသဘာဝက ကနဦးဆီးကြိုလိုက်သည်။ ထို့ပြင်နွေးထွေးသော နေခြည်နုနုလေးများကလည်း မိုးသားတိမ်တိုက်များကြားသို့ မဝံ့မရဲတိုးဝှေ့လာသေး၏။ လေယာဉ်ပေါ်မှဆင်းရာ လမ်းတစ်လျှောက် ကော်ဇောနီခင်းကျင်းလျက် ဘယ်ညာနှစ်ဖက်တွင် လာအိုနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းနှင့်အတူ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ခမ်းနားစွာကြိုဆိုခဲ့ကြသည်။ ၎င်းအပြင် လာအိုနိုင်ငံ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော နှစ်နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးများနှင့် တာဝန်ရှိသူများကလည်း နွေးထွေးစွာကြိုဆိုခဲ့ကြသေး၏။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အထူးယာဉ်တန်းဖြင့် လေဆိပ်မှ သူရဲကောင်းစစ်သည်ဗိမာန်သို့ စတင်ခရီးဆက်ခဲ့သည်။ လေဆိပ်မှ အထူးယာဉ်တန်းဖြင့်ခရီးဆက်ရာ လမ်းတစ်လျှောက် ဝဲယာတွင် လာအိုနိုင်ငံ၏ ကင်းထောက်လူငယ်လေးများက နှစ်နိုင်ငံအလံများကိုင်ဆောင်ဝှေ့ယမ်းလျက် ပြုံးပျော်ရွှင်စွာ ကြိုဆိုနေကြ၏။ ဗီယင်ကျန်းမြို့ပြလမ်းမတစ်လျှောက်စည်ကားသော မြို့ပြအလှကို မြင်တွေ့ခဲ့ရပြီး လမ်းတစ်လျှောက် လာအိုနိုင်ငံ၏ကင်းထောက်လူငယ်များက စီတန်းကြိုဆို နေကြသည်ကိုလည်း တွေ့မြင်ရသည်။

၎င်းအပြင် လမ်းမဝဲယာတွင် လုံခြုံရေးအပြည့်ချထားလျက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ လုံခြုံရေးအတွက်လည်း အပြည့်အဝစီမံပေးထားသည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ လာအိုနိုင်ငံသမ္မတကြီးနှင့် လာအိုနိုင်ငံ၏ အလေးထားကြိုဆိုမှုများ၊ နှစ်နိုင်ငံချစ်ကြည်ရေးအခွန့်ရှည်မှု ပြယုဂ်များ၊ မိမိနိုင်ငံအစိုးရအပေါ် ဂုဏ်ယူအသိအမှတ်ပြုခြင်းများကို ဤမြင်ကွင်းများမှ သက်သေတည်လျက်ရှိပါသည်။ ထို့ပြင် လမ်းမတစ်လျှောက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်သာသနာ့အဆောက်အအုံများကိုလည်း သပ္ပာယ်ကြည်ညိုစွာ တွေ့မြင်ရသေးသည်။ ဘာသာချင်းတူသက်ဝင်တူလို့ ခံစားချက်ချင်းပါ တူညီနေသည့် ဒေသတွင်းနိုင်ငံတစ်ခုပမာ ခံစားရသည်။ အမိမြေနှင့် ခဏတာခွဲခွာခဲ့ရသော်ငြား ဘုန်းတော်ကြီးကျောင်းများကို မြင်ရသည်မှာ စာရေးသူအဖို့ အမိမြေကို အမှတ်မထင် လွမ်းဆွတ်မိပါသေးသည်။ သည် လို နှင့် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ သူရဲကောင်းစစ်သည်ဗိမာန် (Unknown Soldier Monument) သို့ ရောက်ရှိခဲ့ပါပြီ။ သူရဲကောင်းစစ်သည်ဗိမာန်သည် လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့်တော်လှန်ရေးကာလများ၌ တိုင်းပြည်အတွက်အသက်စွန့်ခဲ့သော ရဲဘော်များနှင့် အမည်မသိသူရဲကောင်းစစ်သည်တော်များအား ဂုဏ်ပြုရည်စူး၍ တည်ဆောက်ထားသော အထိမ်းအမှတ်တစ်ခုဖြစ်သည်။ ဤနေရာတွင် လာအိုနိုင်ငံတော်အဆင့်အခမ်းအနားများ၊ နိုင်ငံတကာအကြီးအကဲများ လာရောက်သည့်အခါများတွင် လွမ်းသူ ပန်းခွေချအလေးပြုခြင်းများ အခမ်းအနားတို့ကို ကျင်းပလေ့ရှိသည်။ ထို့ပြင် လာအိုနိုင်ငံအစိုးရ၏ အဓိကစစ်ရေးပြအခမ်းအနားများ၊ နိုင်ငံတော်အဆင့်အထိမ်းအမှတ်ပွဲများကျင်းပလေ့ရှိသည့် ပြည်သူ့ရင်ပြင်နှင့် အစိုးရရုံးစိုက်ရာနေရာများ အနီး၌လည်း တည်ရှိသည်။ ယင်းကြောင့် သူရဲကောင်းစစ်သည်ဗိမာန်မှာ စစ်ရေးနှင့် တော်လှန်ရေးသမိုင်းအရ အချက်အချာကျသော လာအိုနိုင်ငံ၏ သမိုင်းဝင်နေရာတစ်ခုအဖြစ် ထင်ရှားပါသည်။

သူရဲကောင်းစစ်သည်ဗိမာန်အဝင်မှစ၍ လာအို-မြန်မာနှစ်နိုင်ငံအလံများ လွှင့်ထူလျက်အဝင်လမ်းတစ်လျှောက်ကော်ဇောနီခင်းကျင်းထား၏။ ကော်ဇောနီ၏ ဝဲယာနှစ်ဖက်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ ကြိုဆိုအလေးအမြတ်ပြုကြိုဆိုခြင်းနှင့်အတူ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ ပန်းခွေချအလေးပြုခဲ့၏။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ မိနစ်ပိုင်းမျှငြိမ်သက်အလေးအမြတ်ပြုခြင်းသည် လာအိုနိုင်ငံ၏ မွန်မြတ်သော ရှည်လျားသည့်သမိုင်းကြောင်းများ၊ လာအိုနိုင်ငံလွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်စွန့်ခဲ့သည့် သူရဲကောင်းများအပေါ် အမြဲမြဲမြဲ

▲ စာမျက်နှာ ၁၃ မှအဆက်

အကောင်အထည်ဖော်ရေးစီစဉ်ဆောင်ရွက်နေသည်များလည်းရှိသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံရန် လာအိုအမျိုးသားလွှတ်တော်ရုံး အစည်းအဝေးခန်းမသို့ ခရီးဆက်ခဲ့ပြန်ပါပြီ။ လွှတ်တော်သို့သွားရာ မြို့ပြလမ်းမများတစ်လျှောက် နှစ်နိုင်ငံအလံများကို လွှင့်ထူထားရှိပြီး လုံခြုံရေးများကိုလည်း အထပ်ထပ်ချထားသည်ကိုတွေ့ရ၏။ ထို့အတူ လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့ပြလမ်းမတစ်လျှောက် မိုးဖွဲမိုးစက်လေးများသည်လည်း နိုင်ငံတော်အကြီးအကဲ၏ခရီးစဉ်ကို ခရီးဦးကြိုပြုနေလိုက်သေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ်တွင်လည်း ထူးခြားမှုတစ်ခုတွေ့ခဲ့ရသည်။ ဤသည်ကား နှစ်နိုင်ငံချင်းမှာ ရွေးကောက်ပွဲများပြီးမြောက်၍ တက်ရောက်လာသော အစိုးရသစ်များဖြစ်နေခြင်းပင်။ နိုင်ငံရေးမျက်နှာစာသစ်ကဏ္ဍကို စိတ်သစ်လူသစ်များဖြင့် လျှောက်လှမ်းနေကြ၏။ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ရေးအတွက် ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြ၏။

နိုင်ငံတော်အကြီးအကဲသည် မဟောစတမ်း အသင့်စောင့်ကြိုနေသည့် လာအိုနိုင်ငံဝန်ကြီးချုပ်နှင့်လည်း တစ်ပါတည်း သွားရောက်တွေ့ဆုံခဲ့သေးသည်။ တွေ့ဆုံမှုတွင် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ မြှင့်တင်ရေးဆိုင်ရာ အခြေအနေများကို အသားပေးဆွေးနွေးခဲ့ကြသည်။ လာအို နိုင်ငံခရီးစဉ်တွင် ထူးခြားသည်မှာ နိုင်ငံတော်အကြီးအကဲ၏ဇနီးလိုက်ပါလာပြီး သီးခြားကဏ္ဍခရီးစဉ်အဖြစ် တွေ့မြင်ရသေးသည်။

နိုင်ငံတော်အကြီးအကဲ၏ ဇနီးဒေါ်ကြူကြူလှသည် လာအိုနိုင်ငံသမ္မတ၏ဇနီးမစွစ်နားလီဆီစုလိန်နှင့်အတူ တာဝန်ရှိသူများလိုက်ပါလျက် လာအိုရိုးရာပိုးထည်ပြတိုက်နှင့်လာအိုအနုပညာပြတိုက်သို့ အတူတကွသွားရောက်လေ့လာခဲ့၏။ ဤပိုးထည်ပြတိုက်သည် လာအိုနိုင်ငံသမ္မတကြီး၏ဇနီးကိုယ်တိုင် ဦးဆောင်ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ထားသည့်အစီအစဉ်တစ်ခုဖြစ်သည်ကို သိခွင့်ရခဲ့သည်။ ပြတိုက်အတွင်း ပြင်သစ်ကိုလိုနီခေတ် ဗီသုကာဒီဇိုင်းနှင့်လာအိုရိုးရာဗိသုကာလက်ရာများ ပေါင်းစပ်တည်ဆောက်ထားပြီး လာအိုနိုင်ငံတစ်ဝန်းရှိ မတူကွဲပြားသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာပိုးထည်ယဉ်ကျေးမှုကို တစ်နေရာတည်းတွင် စုံလင်စွာခင်းကျင်းပြသထားသည်။

နှစ်နိုင်ငံသမ္မတကြီးဇနီးနှစ်ဦး အပါအဝင် လိုက်ပါလာသူများသည် နှစ်နိုင်ငံအမျိုးသမီးရိုးရာဝတ်စုံကို တည်ငြိမ်ကြော့ရှင်းစွာ ဆင်မြန်းထားသည်။ ဤသည်ကား နှစ်နိုင်ငံအမျိုးသမီးများ၏ လွန်ဆွဲနှင့် ကြော့ရှင်းသည့်အလှတရား၊ တည်ငြိမ်လှပသည့် အမျိုးသမီးများ၏ တန်ဖိုး၊ ရိုးရာယဉ်ကျေးမှုများအပေါ် မြတ်နိုးတွယ်တာမှုတို့ကို ကိုယ်စားပြုထားသည့်ဟန်ပင်။ ပြတိုက်အတွင်းခင်းကျင်းထားသည့် လာအိုရိုးရာပိုးထည်များကို တည်ငြိမ်စွာစူးစမ်းနေသည့်အမိနိုင်ငံတော်သမ္မတကြီး၏ ဇနီးဖြစ်သူထံတွင် မြန်မာအမျိုးသမီးများအားလုံး ယဉ်ကျေးတည်ငြိမ်လှပကြော့ရှင်းစေဖို့ မည်သို့တွေးဆနေမည်ကိုလည်း စာရေးသူခံစားမိပါသေးသည်။ လာအိုမြေမှ ထူးခြားဟန်ကို ချီးကျူးဟန်တူ၍ အမိမြေမှ မြန်မာအမျိုးသမီးများ၏ မြန်မာမှုမြန်မာ့ဟန် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကို မည်သို့ အကောင်အထည်ဖော်ပါမည်နည်း။ နယ်ချဲ့ဝင်ရောက်လာသည့် မြန်မာမှုမြန်မာ့ဟန်နှင့် သွေဖည်သည့် သရုပ်ပျက်အဝတ်အစားများကို မည်သို့တုံ့ပြန်ဦးမည်နည်း။ စာရေးသူအမှတ်မထင် တွေးဆမိနေပါသေးသည်။

တရွေ့ရွေ့နှင့် ခရီးစဉ်တစ်ရက်ကား ညနေနေဝင်ချိန်သို့ရောက်ရှိခဲ့လေပြီ၊ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တည်းခိုမည့် ဟိုတယ်သို့ပြန်ရောက်ခဲ့ကြသည်။ ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လာအိုနိုင်ငံသမ္မတနှင့်ဇနီးတို့မှ လာအိုနိုင်ငံ သမ္မတအိမ်တော်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မည်သို့ပင် ခရီးပန်းခဲ့ပါစေ၊ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဖြစ်သူတို့၏ မျက်နှာတွင် အပြုံးပန်းတို့ မပြယ်လွင့်ခဲ့ပါ။ ဤနေ့ရက်တစ်ရက်၌ပင် နှစ်နိုင်ငံချစ်ကြည်မှုအခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ နှစ်နိုင်ငံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ပူးပေါင်းဆောင်ရွက်ရေးစသော မော်ကွန်းသစ်ကို နိုင်ငံရေးမျက်နှာစာသစ်အဖြစ် ဖွင့်လှစ်နိုင်ခဲ့ပါပြီ။ နှစ်နိုင်ငံအကြီးအကဲနှစ်ဦးသာမက အကြီးအကဲနှစ်ဦး၏ ဇနီးချင်းပါ ရင်းနှီးနွေးထွေးစွာတွေ့ဆုံခွင့်ရခဲ့၍ ပိုမိုနွေးထွေးသော သံယောဇဉ်တရားများကို တည်ဆောက်နိုင်ခဲ့သည်ဟု ဆိုရပါမည်။ မည်သို့ဆိုစေ ဤခရီးကား ပါရမီဖြည့်ဖက် တွဲလက်ယှဉ်ကာ အာဆီယံဒေသတွင်းသို့ ခိုင်မာသော ခြေလှမ်းသစ်များအဖြစ် နှစ်နိုင်ငံကိုယ်စီ လှမ်းတက်နိုင်ခဲ့ပါကြောင်း ကမ္ဘည်းမော်ကွန်းတင်လိုက်ရပါတော့သည်။ ။





နိုင်ငံတော်အကြီးအကဲ၏ဇနီးဒေါ်ကြူကြူလှသည့် နိုင်ငံသားကောင်းရတနာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၃/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးလမ်းများတွင် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာသောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

➤ ရှေ့ဖုံးမှအဆက်

နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလအတိုင်း တာဝန်ကျေပွန်စွာထမ်းဆောင်ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်းလက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဇူလိုင်လ ၁ ရက်တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဂုဏ်ပြုအခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းခဲ့ပြီး မိသားစုဝင်များထံသို့လည်းကောင်း၊ ၎င်းတို့၏နေရပ်အသီးသီးသို့လည်းကောင်း ပြန်လည်အပ်နှင်းစေလွှတ်ခဲ့ပြီးဖြစ်သည်။

ထိုသို့နိုင်ငံတော်အတွက် နိုင်ငံ့သားကောင်း၊ တပ်မတော်အတွက် စစ်သည်တော်ကောင်းတစ်ဦးပီသစွာ တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများသည် ၎င်းတို့၏ဘဝတွင် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု၊ စည်းကမ်းလိုက်နာမှုနှင့် ကိုယ်ကျိုးမဖက်စွန့်လွှတ်အနစ်နာခံမှုတို့ဖြင့် ပေးအပ်လာသော နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အမြဲတမ်းစစ်မှုထမ်းများနှင့်လက်တွဲ၍ ဂုဏ်ယူစွာထမ်းဆောင်ခဲ့ကြသူများအဖြစ်လည်းကောင်း၊ ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း စည်းကမ်းလိုက်နာ၍ ပေးအပ်လာသည့် နိုင်ငံ့တာဝန်များကို နိုင်ငံကြီးသားပီသစွာ တာဝန်ကျေပွန်ခဲ့ကြသူများအဖြစ်လည်းကောင်း မှတ်တမ်းဝင်ခဲ့ကြသည်ဖြစ်ရာ နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ခရီးများသည်လည်း ၎င်းတို့၏ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုကြောင့် ဂုဏ်ယူရမှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရမှုကြောင့် ဝမ်းသာပျော်ရွှင်ရမှုတို့ဖြင့် လှပပြည့်စုံလျက်ရှိပြီး ၎င်းတို့၏ မိသားစုဝင်များသာမက ဒေသခံပြည်သူများကပါ ဝမ်းသာကြည်နူးမှုများနှင့်အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီး၌ ဂုဏ်ပြုကြိုဆိုခြင်းများကို ဆောင်ရွက်ပေးကြသည်။

တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးပြန်လည်ရောက်ရှိလာသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍လည်းကောင်း၊ အိုးစည်ဒိုးပတ်များဖြင့်လည်းကောင်း စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုခဲ့ကြသည့် မြင်ကွင်းများ၊ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့စစ်မှုထမ်းများ၏ နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုအပေါ် ဂုဏ်ယူဝမ်းမြောက်မှု၊ မိသားစုဝင်များနှင့် ပြန်လည်ဆုံစည်းရခြင်းအပေါ် ပျော်ရွှင်ရမှုနှင့် ၎င်းတို့အပေါ် မိသားစုနှင့်ပတ်ဝန်းကျင်ကပါ ဂုဏ်ယူလေးစားစွာ ကြိုဆိုခဲ့မှုအပေါ် ကြည်နူးဂုဏ်ယူရသည့်မြင်ကွင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရပါသည်။

အဆိုပါ နိုင်ငံ့သားကောင်းစစ်မှုထမ်းများသည် စစ်မှုထမ်းဆောင်နေစဉ်ကာလအတွင်း နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်လာသော ကာကွယ်ရေးတာဝန်၊ လုံခြုံရေးတာဝန်များနှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာချိန်တွင် ကူညီကယ်ဆယ်ရေးတာဝန်များကို ကိုယ်ကျိုးမဖက်ဘဲ စွန့်လွှတ်အနစ်နာခံကာ အမြဲတမ်းစစ်မှုထမ်းများနှင့်အတူ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့်လည်း ၎င်းတို့စစ်မှုထမ်းဆောင်စဉ်ကာလတစ်လျှောက်တွင် ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ၊ လစာ၊ ရိက္ခာနှင့် အခြားထောက်ပံ့မှုများရရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးခဲ့သည့်အပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင်လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့မဟုတ်) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သောအကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။

ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးများနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်နိုင်ရေးတို့အတွက် “စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ”က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

“နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်”ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းရတနာများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်နေသည့်အချိန်တွင် အသက်ကို ပဓာနမထားဘဲ နိုင်ငံ့အကျိုးအတွက် တပ်မတော်၏ အရန်အင်အားအဖြစ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုအပေါ် နိုင်ငံတော်နှင့် တပ်မတော်က ထာဝစဉ် တန်ဖိုးထားလေးစားဂုဏ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



ပဲခူးမြို့၌ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကျင်းပ


ပဲခူး ၇ လိုင် ၄

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲတွင် ဗဟိုအဆင့် ဆုရရှိသူ၊ မစ်ဆူဘီရှိအာရှကာလေးများရုပ်ပြဒိုင်ယာရီပွဲတော်ပန်းချီပြိုင်ပွဲတွင် ဆုရရှိခဲ့သူနှင့် တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်ခဲ့ကြသူများကို လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က တက္ကသိုလ်ဝင်တန်းထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ဂျူဒိုပြိုင်ပွဲနှင့်တင်းနစ်ပြိုင်ပွဲတို့တွင် တစ်ဦးချင်း၊ နှစ်ယောက်တွဲနှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိသူများကို လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်သည်။

ယင်းနောက်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်တာဝန်ရှိသူများက ကဏ္ဍစုံတွင်ထူးချွန်ဆုရရှိကြသည့် အမျိုးသမီးများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ကျပန်းပြိုင်ပွဲများတွင် ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများကို ဆုများပေးအပ်ကြကြောင်း သိရသည်။

ဥဿာတိုင်းသား



တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ၇ လိုင် ၄

၂၀၂၆ ခုနှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ဇွန်လ ၂၅ ရက်မှ စတင်ကျင်းပလျက်ရှိရာ တက္ကသိုလ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ကျင်းပသည်။



အဆိုပါ ဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဦးနေမျိုးလှိုင်နှင့် ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တက္ကသိုလ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြစ်ကြီးနားဇုန်အသင်းနှင့် မော်လမြိုင်ဇုန်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပွဲအပြီးတွင် မြစ်ကြီးနားဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ နေရာအလိုက် တစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆုများကို ညွှန်ကြားရေးမှူးချုပ်များက ဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့်မော်လမြိုင်ဇုန်အသင်းကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပထမဆုရရှိသည့်မြစ်ကြီးနားဇုန်အသင်းကို ပြည်ထောင်စုဝန်ကြီးက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

ဒေါပုံမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှုဟောပြောပွဲ ဉာဏ်ပြိုင်ပွဲများနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကျင်းပ



ရန်ကုန် ၇ လိုင် ၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရေးလှုပ်ရှားမှု ဟောပြောပွဲ၊ ဉာဏ်ပြိုင်ပွဲများနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ဇူလိုင်လ ၃ ရက်က အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချစ်စုဝေက စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးအတွက် သုတစာပေနှင့် ရသစာပေများ ခွဲခြားပုံ၊ စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ဟောပြောသည်။

ဆက်လက်၍ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကိုကျင်းပရာ ပြိုင်ပွဲအသီးသီးတွင် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးစီ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ဉာဏ်စမ်းမေးခွန်းများမေးခြင်း၊ ဉာဏ်စွမ်းရည်နှင့် ကိုယ်ကာယဂိမ်းကစားနည်းများယှဉ်ပြိုင်ခြင်းတို့ ဆောင်ရွက်ပြီး အဖြေမှန်သူနှင့် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ၇ လိုင် ၄

ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ဇူလိုင်လ ၆ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲစဉ်များနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို MRTV-HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

◆ အားကောင်းသောလေဖိအားနည်းရပ်ဝန်းမှ

ဩရိသပြည်နယ်မြောက်ပိုင်း-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်တက်သို့ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့ကို နောက် ၇၂ နာရီအတွင်း ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။ (မိုး/ဇလ)

၄-၇-၂၀၂၆ ထူးခြားသည့်နေ့အပူချိန်များ

တံတားဦး (လေကြောင်းမိုးလေဝသ)	၃၇	ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်
မန္တလေး	၃၇	ဒသမ ၀	ဒီဂရီဆဲလ်စီးယပ်
ချောက်	၃၆	ဒသမ ၆	ဒီဂရီဆဲလ်စီးယပ်
စစ်ကိုင်း	၃၆	ဒသမ ၅	ဒီဂရီဆဲလ်စီးယပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးသို့ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးမိသားစုများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုကဲ့သို့ သံရုံး၊ စစ်သံရုံးမိသားစုဝင်များနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ မိမိအနေဖြင့် လာအိုနိုင်ငံသို့ ယခုလာရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများထဲတွင် ပထမဆုံးလာရောက်ခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အစဉ်အလာရှိသည့် ဆက်ဆံရေးကောင်းမွန်မှုကို အမြဲထိန်းသိမ်းနိုင်ကြမည့်နိုင်ငံများဖြစ်ကြကြောင်း။

ယခုအခါလာအိုနိုင်ငံသည် ယခင်ကထက်များစွာဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိပြီး စီးပွားရေးတိုးတက်အောင်လည်းဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေး အထူးကောင်းမွန်လျက်ရှိပြီး သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ နှစ်နိုင်ငံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံ့အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ခြင်းများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

မိမိတို့နိုင်ငံအနေဖြင့် ယခုအခါ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့မှုကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထမ်းဆောင်ခဲ့ရကြောင်း၊ သို့သော် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခင်ဒီမိုကရေစီအစိုးရသက်တမ်းကာလနှစ်ခုတွင်လည်း အကောင်းဆုံးဖြစ်အောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

❖ လာအိုနိုင်ငံသို့ ယခုလာရောက်ခဲ့သည့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်သည် မိမိအနေဖြင့် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီးနောက်ပိုင်း အာဆီယံနိုင်ငံများထဲတွင် ပထမဆုံးလာရောက်ခဲ့သည့်နိုင်ငံဖြစ် . . .

❖ မိမိတို့နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေးအထူးကောင်းမွန်လျက်ရှိပြီး သံရုံး၊ စစ်သံရုံးတို့တွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်နေချိန်တွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်၊ နှစ်နိုင်ငံမဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံများအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိ. . .

❖ လာအိုနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့်ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများကိုလည်း တတ်နိုင်သရွေ့စောင့်ရှောက်ပေးသွားကြရန်နှင့် စည်းစည်းလုံးလုံးနေထိုင်သွားကြရန်မှာကြားလို . . .





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးအဆောက်အဦသစ် တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

ယခုအခါမိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများမှရွေးချယ်သည့် ရွေးကောက်ခံ ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကျင်းပ၍ ယခုအခါ ရွေးချယ်ခံအစိုးရအဖွဲ့မှ နိုင်ငံတော်တာဝန်များကို အရှိန်အဟုန်ဖြင့် ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ သို့သော် အချို့နိုင်ငံများအနေဖြင့် ၎င်းတို့အကျိုးစီးပွားကိုထိခိုက်မည်ကို စိုးရိမ်သောကြောင့် မိမိတို့နိုင်ငံတွင် ပြည်သူများကရွေးချယ်ထားသည့်အစိုးရမှ နိုင်ငံတော်တာဝန်ထမ်းဆောင်နေမှုကို လက်မခံလိုကြကြောင်း၊ သို့သော် မိမိတို့အစိုးရအနေဖြင့် အခက်အခဲများကြားမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အာဆီယံနိုင်ငံများအထဲတွင် လာအိုနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုများကိုလက်ခံသဖြင့် မိမိကို ၎င်းတို့နိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံအဖွဲ့အတွင်း သဘောတူညီမှုများကို မိတ်ဝတ်မပျက် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို အားလုံးကသိရှိကြရန်လိုကြောင်း၊ လာအိုနိုင်ငံသို့အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မိမိတို့နိုင်ငံသားများကိုလည်း တတ်နိုင်သရွေ့စောင့်ရှောက်ပေးသွားကြရန်နှင့် စည်းစည်းလုံးလုံးနေထိုင်သွားကြရန်မှာကြားလိုကြောင်း၊ လာအိုနိုင်ငံတွင် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် သံရုံး၊ စစ်သံရုံးမိသားစုများအနေဖြင့် ပြည်ပနိုင်ငံသို့ရောက်ရှိနေချိန်အတွင်း ရရှိသည့်အားလပ်ချိန်များ၌ အင်္ဂလိပ်စာ၊ AI နည်းပညာနှင့် ကွန်ပျူတာနည်းပညာပိုင်းဆိုင်ရာများကို တစ်ဦးချင်းလေ့လာဆောင်ရွက်သွားကြရန်လိုကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် စွမ်းဆောင်နိုင်သူများဖြစ်ရန် မျှော်လင့်ကြောင်း။

လာအိုနိုင်ငံတွင်လာရောက်၍ ပညာသင်ကြားလျက်ရှိသည့် ပညာတော်သင်သင်တန်းသားအရာရှိများအနေဖြင့်လည်း မိမိတို့ဘာသာစကားတွင် အသုံးပြုလျက်ရှိသည့် ဗျည်းနှင့်သရများ၏ အားသာချက်ကိုအသုံးချ၍ လာအိုဘာသာစကားကို နားလည်တတ်ကျွမ်းအောင် သင်ယူသွားကြစေလိုကြောင်း၊ မည်သည့်ဘာသာစကားကို တတ်ကျွမ်းသည်ဖြစ်စေ မိမိတို့ဘဝအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ကြိုးစားသင်ယူကြစေလိုကြောင်း မှာကြားပြီး လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံး၊ စစ်သံရုံးမိသားစုများ၊ ပညာတော်သင်သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)နှင့် ပညာတော်သင်သင်တန်းသားများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက သံရုံးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး လာအိုနိုင်ငံဆိုင်ရာ မြန်မာသံရုံးအဆောက်အဦသစ်တည်ဆောက်နေမှုအခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေး၍ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားသည်။

ထို့နောက်မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတသည် မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

High-level Myanmar delegation led by President U Min Aung Hlaing, his spouse Daw Kyu Kyu Hla pays homage to That Luang Stupa in Vientiane



President U Min Aung Hlaing and spouse Daw Kyu Kyu Hla present a documentary book on construction of the Maravijaya Buddha Image to a Sayadaw.

NAY PYI TAW July 4

The high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and spouse Daw Kyu Kyu Hla, currently in Vientiane of Laos during the State Visit, paid homage to the That Luang Stupa this morning.

On arrival at the stupa, the high-level Myanmar delegation led by the President and his spouse were warmly welcomed by officials with traditional Lao music. The President and his spouse offered oil lights, water, fruits and flowers to the Buddha image at the That Luang Stupa.

The President, his spouse and party viewed round ancient Buddha images in the stairway of the stupa and the paintings illustrating maintenance of the stupa in successive eras since its establishment. Officials conducted them round the sites.

The President, his spouse and party had documentary photos taken in front of the stupa.

The President signed the visitors' book of the stupa. At the Dhamma Hall, the President and his spouse paid homage to the Buddha image with flowers, water and oil lamps.

The President, his spouse and party also paid respect to Chair of Lao Buddhist Association and Sangharaja of Laos Maha Ahjan Yai Mahaved Menenai and 106-year-old Most Ven Noi Sangvalo of Laos and donated copies of Tipitaka scriptures and monastic requisites. The Sayadaw gave back Dhamma gifts. Delegation members also donated offertories to members of the Sangha.

The President and his spouse offered a small scale of Maravijaya Buddha Image and the documentary book on construction of the image to be kept at the Dhamma Hall of the That Luang Stupa to the Sayadaw.

The That Luang Stupa in Laos was originally constructed in the early 13th Century under the leadership of King Jayavamon VI. Five monks who had studied in Rajagriha, India, brought back a relic of the Buddha's lower collarbone to be enshrined as the sacred relic within the stupa. The original structure was built in the form of a cave-like stupa. Later, in 1560 AD, King Setthathirath relocated the capital from Luang Prabang to Vientiane and rebuilt the stupa, enveloping the original structure within a larger stupa. In the Lao language, it is called That Luang Stupa, which means "Great Stupa". It is a historically significant monument that has been revered by successive Lao kings. The image of That Luang Stupa is also featured on the national emblem of Laos. The annual That Luang Festival is held on the full moon of the Lao lunar month Fakxay (corresponding to Myanmar's Tazaungmone Full Moon Day). The festival attracts large numbers of pilgrims from across the country, making it a major national religious celebration.

Myawady



President U Min Aung Hlaing greets pilgrims at That Luang Stupa in Vientiane.

●● From Page - 21

inquired about and discussed the entire production stages in detail.

After accepting a molded Laotian traditional organic soap, presented by the Phonthong Handicrafts Cooperation and Cama Crafts as a special souvenir, the President signed the visitor's book of the enterprise.

The President and officials of the enterprise exchanged commemorative gifts.

The Phonthong Handicrafts Cooperation and Cama Crafts is rendering a helping hand to uplift the livelihood of the rural people and preserve and revive the Laotian handicraft industry. In addition, the enterprise is conducting handicraft courses and identifying market opportunities. The visions ofthe enterprise are: the creation of sustainable livelihood opportunities; and the promotion of procedures aligned with the environment and culture the of the associated communities. Ten women, residents of Phonthong Village in Vientiane, founded the Phonthong Handicraft Cooperative (PHC) in 1976 to collectively sell their handicraft products.

The President and wife and delegation arrived at the Patuxai (Victory Gate) in Vientiane in the evening, and were welcomed by officials.

They were conducted around the Patuxai (Victory Gate) and later, posed for documentary photos in front of the Gate.

The Patuxai (Victory Gate) in Vientiane is a prominent monument of Laos. Construction started in 1957, and completed in 1968. It was dedicated to the soldiers who gave their lives for the independence of Laos and for the country. Although it resembles the Arc de Triomphe in France, it was also decorated with Laotian Buddhist designs and Hindu art and architecture. Its interior walls and ceiling were adorned with the statues of female angels, mythical celestial beings, and decorative vine and floral sculptures. As its top observation platform offers a panoramic cityscape of Vientiane, it has become one of the most visited places by local and foreign tourists.

Myawady

►► From Page - 20

terrorist activities. Laenaung Village was recaptured on June 28, followed by Natmahotegyi Village on June 29 and Thanbo Village on June 30. On the evening of July 4, the Tatmadaw further recaptured Mae Za Village along the Myitkyina–Shwebo railway line and Nant Thae Village on the Myitkyina–Shwebo highway. According to reports, the terrorist insurgents suffered heavy casualties and withdrew in disarray.



Weapons and related items seized from terrorist insurgents.



Weapons, ammunition and drones used by insurgents, seized from terrorist insurgents.

During the operations to recapture Mae Za Village and the surrounding villages, the Tatmadaw columns carried out sustained offensives against the terrorist insurgents. A total of 32 major and minor engagements were reported during the operation. According to reports, the Tatmadaw recovered the bodies of seven terrorist insurgents and seized 12 weapons of various types, including an anti-aircraft machine gun. They also captured two vehicles used by the terrorist insurgents, as well as drones, drone bombs, ammunition, and other military equipment used in terrorist activities.

During their temporary occupation of the villages between Indaw and Mae Za, the terrorist insurgent groups dug communication trenches, constructed bunkers in residential compounds and along fences, and carried out various acts of sabotage. They also blocked the Myitkyina–Shwebo highway, seized passenger buses and cargo trucks travelling along the route, and reportedly engaged in extortion, torture, killings, and the forced recruitment of local residents. These activities disrupted the transportation of goods throughout the region and adversely affected the socio-economic conditions and livelihoods of local communities.

According to reports, the Tatmadaw will continue working with local communities to implement rehabilitation and reconstruction efforts aimed at improving socio-economic conditions in the area. It will also undertake the necessary measures to restore healthcare and education services for local residents. In addition, area security operations will be intensified to ensure peace, stability, and public security.

100

All plantations of potato harvested in Sagaing Region

SAGAING July 4

Statistics of Sagaing Region Agriculture Department stated that local farmres harvested all plantations of potato in Sagaing Region.

In Sagaing Region, a total of 5,990 acres of potatoes were cultivated during the winter cropping season. Harvesting of these potato fields began in February this year, and as of today, all 5,990 acres have been fully harvested. The harvested areas include 651 acres in Mawlaik District, 837 acres in Tamu District, 319 acres in Kalay District, 125 acres in Khamti District, 360 acres in Homalin District, 407 acres in the Naga Self-Administered Zone, 1,753 acres in Shwebo District, 250 acres in Ye-U District, 202 acres in Sagaing District, 896 acres in Katha District, and 190 acres in Kawlin District. The average yield was reported at 4,513.53 viss per acre.

"In Sagaing Region, potatoes were cultivated on 5,990 acres. At present, all cultivated areas have been completely harvested. Although potato cultivation is not on a large scale in the region, it remains a commonly consumed crop, so the cultivation area is maintained at a steady level. There has not been significant expansion, and some supplies are imported from other areas, including potatoes from Shan State," said Dr Tin Mar Mar Oo, Assistant Director of the Sagaing Region Agriculture Department.

In Sagaing Region, the Agriculture Department is supporting potato farmers to expand cultivation areas, use high-quality seeds, and adopt GAP (Good Agricultural Practices) methods.

The potato market in Sagaing Region is currently favorable. The cost of cultivating one acre of potatoes ranges between Ks-800,000 and Ks-900,000, and yields are reported at about 3,500 to 4,000 viss per acre.

SK

All plantations of kidney bean harvested in Phaungpyin Township

PHAUNGPYIN July 4

Mawlaik District Agriculture Department stated that all plantations of kidney bean were harvested in Phaungpyin Township of Sagaing Region.

During the winter cropping season in Phaungpyin Township, a total of 7,035 acres of kidney beans were cultivated. Harvesting of these crops began in January this year, and as of now, 100 percent of the planted acreage has been harvested, with an average yield of 20.50 baskets per acre, according to reports.

"We were able to cultivate up to 7,035 acres of kidney beans in Phaungpyin Township. At present, all of the cultivated bean fields have been completely harvested. In terms of cultivation, we managed to expand beyond the target acreage. To ensure good yield and quality, we worked in cooperation with farmers by providing necessary quality seeds, inputs, and post-harvest technologies," said Daw Kywe Kywe Hlaing, District Head of the Agriculture Department in Mawlaik District.

In Phaungpyin Township, the Township Department of Agriculture has been carrying out awareness and extension activities to help farmers expand cultivation acreage, improve yields, adopt Good Agricultural Practices(GAP), use high-quality seeds, and grow high-yield crop varieties.

Crops grown using GAP methods are reported to have better quality than those grown with other methods, fetch higher prices, and meet standards for both domestic markets and export markets.

As a result, farmers adopting these methods can achieve greater economic benefits.

SMK

Regarding the Shwe Kokko Area, another illegal nine-storey building used in committing online scam and gambling activities was systematically demolished and destroyed, With this action, a total of 68 illegal residential buildings have now been demolished and destroyed



While detonating and destroying an illegal nine-storey building used for online scam and gambling activities in the Shwe Kokko Area of Myawady District, Kayin State with explosives.



After destroying an illegal nine-storey building used for online scam and gambling activities in the Shwe Kokko Area of Myawady District, Kayin State with explosives.

NAY PYI TAW July 4

Joint departmental teams are currently carrying out the permanent demolition of illegal buildings and the systematic destruction of equipment used in operations within the Shwe Kokko and KK Park areas of Myawady Township, Kayin State, which had served as bases for online scams and gambling activities. In line with these operations, it is reported that another illegal nine-storey building within the Shwe Kokko Area was systematically detonated and demolished today.

Out of 77 buildings used for committing online scam and gambling activities within the Shwe Kokko Area, targets have been categorized by building type for systematic demolition, consisting of 57 buildings to be demolished using heavy machinery and 20 buildings to be destroyed by detonation. Regarding these operations, it is reported that another nine-storey building, out of the 57 structures designated for mechanical demolition, was systematically demolished today.

To date, joint departmental teams have systematically demolished and destroyed a total of 68 illegal buildings used in committing online scam and gambling activities. According to reports, operations will continue to systematically destroy the remaining 9 illegal buildings.

100

Tatmadaw recaptures Mae Za and Nant Thae villages from terrorist insurgent groups

NAY PYI TAW July 4

The PDF, described as an armed wing of the NUG and CRPH terrorist groups, has temporarily occupied towns and villages in some regions and states while carrying out various destructive activities aimed at disrupting government administration and advancing its own interests. In response, the Tatmadaw has been conducting counter-terrorism operations. As part of these operations, the town of Indaw, which had been under the control of the terrorist insurgents, was recaptured on April 30, 2026.



Documentary photo showing military columns recapturing Nant Thae Village in Indaw Township, previously held temporarily by insurgent forces.



Tatmadaw columns recapture Mae Za Village, previously held temporarily by insurgents.

Following the recapture of Indaw, the Tatmadaw made the necessary preparations and reorganized its forces to continue operations to reclaim villages in the area that had been temporarily occupied by terrorist insurgents. Area security operations were carried out in a coordinated manner through the deployment of multiple columns. As part of these operations, the Tatmadaw recaptured Natmahotelay and Se villages on June 27, where the terrorist insurgents had established fortified positions and operated as bases for

See Page - 19►►







Insurgents have established temporary defensive positions in and around villages.



Weapons and related items seized from terrorist insurgents.





Enemy remains, weapons, and ammunition recovered from the insurgents.

President of the Republic of the Union of Myanmar U Min Aung Hlaing receives Chairman of Lao-Myanmar Friendship Association on his courtesy call

NAY PYI TAW July 4

Chairman of the Lao-Myanmar Friendship Association Mr. Seneamatmonry Chanthavong paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing during his State Visit to Lao People's Democratic Republic this afternoon.

Also present together with the President during the call were members of his entourage of union ministers, senior military officers from the Office of the Commander-in-Chief and deputy ministers, the Myanmar ambassador to the LPDR, the Chairman the Myanmar-Lao Friendship Association and officials.



President U Min Aung Hlaing exchanges commemorative gifts with Mr. Seneamatmonry Chanthavong.



President of the Republic of the Union of Myanmar U Min Aung Hlaing receives Chairman of the Lao-Myanmar Friendship Association Mr. Seneamatmonry Chanthavong.

During the call, they cordially discussed development of bilateral friendship and cooperation, potentials of upgrading the relations to strategic partnership, the needs for the Lao-Myanmar Friendship Association and the Myanmar-Lao Friendship Association to exert efforts in one way or another in the same way as the two governments are accelerating cooperation as the role of the friendship association is vital, tasks carried out by the two friendship associations to promote the friendship of the two peoples in border areas by conducting mutual trade through the Myanmar-Lao Friendship Bridge, the needs to promote the role of youths in the bilateral friendship processes and possibilities of promotion of bilateral friendship and cooperation based on various sectors including religious, economic, health, education and social sectors.

After the discussions, the President and the Chairman exchanged commemorative gifts and posed for documentary photographs together with the guests.

Myawady

President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla and high-level Myanmar delegation visit Phonthong Handicrafts Cooperation and Cama Crafts, Laotian MSE, and Patuxai (Victory Gate) in Vientiane



President U Min Aung Hlaing observes the process of weaving silk fabrics using traditional handlooms.

NAY PYI TAW July 4

A high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing and wife Daw Kyu Kyu Hla, who are on a State Visit to Vientiane in Laos, visited the Phonthong Handicrafts Cooperation and Cama Crafts, a Laotian micro and small enterprise (MSE), this morning.

The President and wife and delegation arrived at the enterprise and were welcomed by officials.

The President observed cotton and silk fabrics manufactured by the enterprise and production of soaps from Lao traditional fruits. Officials explained the main stages of the production process. After pouring the liquid soap onto the molds, the President asked for more information.

He looked around the production process of silk fabrics and documentary photos on the international awards won by the enterprise. The President then studied silkworm breeding, fabric production, dyeing and the process of weaving silk fabrics using traditional handlooms. He hears the reports presented by officials, and

See Page - 19

President U Min Aung Hlaing meets with families of Myanmar Embassy and Military Attaché's Office, scholarship trainees in Laos

NAY PYI TAW July 4

U Min Aung Hlaing, President of the Republic of the Union of Myanmar, currently on a State Visit to the Lao People's Democratic Republic, accompanied by his wife Daw Kyu Kyu Hla and delegation members, met with and addressed the families of the Embassy and Military Attaché's Office, and scholarship trainees, at the Myanmar Embassy in Laos this evening.

Upon the arrival of the President, his wife, and the delegation at the Myanmar Embassy in Laos, they were welcomed by the families of the Embassy and the Military Attaché's Office. Subsequently, the Myanmar Ambassador to the Lao People's Democratic Republic and the families from the Embassy and Military Attaché's Office individually introduced themselves.

Following this, the President expressed his pleasure at meeting the families of the Embassy and Military Attaché's Office. He noted that this State Visit to Laos was his first visit to an ASEAN country since assuming the presidency. He highlighted that Myanmar and Laos are reliable good neighbours and good friends, and that both nations will always maintain their traditionally strong bilateral relations.

He observed that Laos has seen significant development and change compared to the past, noting its political stability and economic progress. He stated that the bilateral relations are excellent and urged those serving at the Embassy and Military Attaché's Office to work towards further strengthening these ties during their tenure. He mentioned that efforts are underway to elevate the bilateral relationship to a comprehensive strategic partnership, and that reciprocal friendship visits between the Heads of State of the two countries would be increased.

The President explained that Myanmar is currently on the path of multi-party democracy. He stated that due to irregularities in the 2020 multi-party general elections, the Tatmadaw had to assume State responsibilities in accordance with the constitution. However, he asserted that the Tatmadaw had strived to ensure a firm continuation on the democratic path desired by the people, and had cooperated to the best of its ability during the two terms of the previous democratic government.



President U Min Aung Hlaing and spouse Daw Kyu Kyu Hla present food provisions and honorariums to the families of the Embassy and Military Attaché's Office, and the scholarship trainee officers.

He announced that a free and fair election had now been successfully held, and a parliament convened with representatives elected by the people. The newly elected government is now energetically undertaking State duties. He mentioned that some countries, fearing impacts on their interests, do not wish to accept the government elected by the people. Nevertheless, he affirmed that his government would continue striving diligently for national development amidst challenges.

The President noted that Laos, among ASEAN nations, has accepted the political changes in Myanmar, which led to the invitation for this State-level friendship visit. He affirmed that Myanmar continues to adhere to ASEAN consensus and implement agreements in good faith, emphasizing that everyone should be aware of these efforts. He urged those responsible to take care of Myanmar nationals residing in Laos for various reasons as much as possible and advised them to live in unity. He advised the families of the Embassy and Military Attaché's Office to utilize their free time abroad to study English, AI technology, and computer skills individually, hoping they would become capable contributors to the nation in the future.

He also encouraged the scholarship trainee officers studying in Laos to learn the Lao language, leveraging the advantages of Myanmar's own alphabet and vowels. He emphasized that proficiency in any language would be beneficial for their lives. He then inquired about their needs and provided necessary support.

Following this, the President provided food provisions and honorariums to the families of the Embassy and Military Attaché's Office, and the scholarship trainee officers. The Ambassador, the Military Attachés (Army, Navy and Air), and the scholarship trainees received these items.

Subsequently, the President signed the guest book at the Embassy and inspected the construction progress of the new Myanmar Embassy building in Laos. He provided necessary guidance based on reports from the Ambassador and responsible officials.

Afterwards, upon arriving at the Myanmar Military Attaché (Army, Navy and Air) Office, they were welcomed by the Military Attaché and officials. The President then toured and inspected the Military Attaché Office and provided for necessary requirements.

Myawady



President U Min Aung Hlaing signs the visitor's book.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

ဂျာမနီအသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ရာ နည်းပြနာဂယ်စမန်းကို ရာထူးမှထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် ကလော့အားခန့်အပ်



ဘာလင် ၆လိုင် ၄

ဂျာမနီအသင်းက ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ရက်ပိုင်းအတွင်းပင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရာ နည်းပြ နာဂယ်စမန်းကို ရာထူးမှထုတ်ပယ်ပြီး နည်းပြသစ်အဖြစ် ကလော့အား ခန့်အပ်ခဲ့ကြောင်း သိရသည်။

ဂျာမနီအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ၃၂ သင်းရှုံးထွက်အဆင့်တွင် ပါရာဂွေးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲမှ စောစီးစွာထွက်ခွာခဲ့ရသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းက ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် အောင်မြင်မှုမရရှိသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလက နည်းပြသစ်အဖြစ် နာဂယ်စမန်းကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ နာဂယ်စမန်းလက်အောက်တွင် ဂျာမနီအသင်းအနေဖြင့် အောင်မြင်မှုများမရရှိဘဲ အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှထွက်ခွာရသကဲ့သို့ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ၃၂ သင်းရှုံးထွက်အဆင့်မှ စောစီးစွာထွက်ခွာခဲ့ရသည်။

နည်းပြနာဂယ်စမန်းသည် ဂျာမနီအသင်းကို ပြိုင်ပွဲ စုံ ၃၇ ပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာ ၂၃ ပွဲနိုင်၊ ခြောက်ပွဲသရေနှင့် ရှစ်ပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

အသက် ၅၉ နှစ်အရွယ် နည်းပြကလော့သည် လီဗာပူးအသင်းကို ၂၀၁၅ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ဥရောပထိပ်တန်းအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားအပါအဝင် ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့သည်။ ကလော့သည် ၂၀၂၄ ခုနှစ်က လီဗာပူးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေခြင်းဖြစ်သည်။

နည်းပြကလော့အား အစောပိုင်းနှစ်များက ထိပ်တန်းကလပ်အသင်းကြီးများက ခန့်အပ်ရန် ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း နည်းပြကလော့ကိုယ်တိုင်က ဂျာမနီအသင်းကို တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ကမ်းလှမ်းမှုများကို ပယ်ချခဲ့ကြောင်း သိရသည်။

Ref:Bild

ချယ်လ်ဆီးအသင်းကစားသမား အန်ဇိုဖာနန်ဒက်အား ခေါ်ယူရန်အစီအစဉ်မရှိကြောင်း ရီးယဲလ်မက်ဒရစ်အသင်းအတည်ပြု

မက်ဒရစ် ၆လိုင် ၄

ရီးယဲလ်မက်ဒရစ်အသင်းက လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ချယ်လ်ဆီးအသင်းကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်အား ခေါ်ယူရန်အစီအစဉ်မရှိကြောင်း အတည်ပြုကြေညာခဲ့သည်။

အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းသည် အန်ဇိုဖာနန်ဒက်အားခေါ်ယူရန် သတင်းများထွက်ပေါ်ခဲ့ပြီး ချယ်လ်ဆီးအသင်းကလည်း အန်ဇိုဖာနန်ဒက်အတွက် ပြောင်းရွှေ့ကြေးကို မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် သန်း ၁၂၀ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် အပြောင်းအလဲကြီးကြီးမားမားလုပ်ဆောင်နေပြီး ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ရက်ပိုင်းအလိုတွင် ချယ်လ်ဆီးအသင်းမှ တောင်ပံခံစစ်ကစားသမား ကူကူရယ်လာအား ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၆၀ ဖြင့်ခေါ်ယူပြီးနောက် အန်ဇိုဖာနန်ဒက်ကိုလည်း ထပ်မံခေါ်ယူရန် ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် ရီးယဲလ်မက်ဒရစ်အသင်းက အန်ဇိုဖာနန်ဒက်အားခေါ်ယူရန် အစီအစဉ်မရှိဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

Ref:Transfer News

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ပေါ်တူဂီအသင်း၌ကစားရန် ရှိ မရှိဆုံးဖြတ်မည်ဖြစ်ကြောင်း စီရော်နယ်ဒိုပြောကြား

လစ္စဘွန်း ၆လိုင် ၄

ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးမှသာ ပေါ်တူဂီအသင်း၌ကစားရန် ရှိ၊ မရှိကို ဆုံးဖြတ်မည်ဖြစ်ကြောင်း ပေါ်တူဂီအသင်းနှင့် ခရိုအေးရှားအသင်းတို့ကစားခဲ့သည့်ပွဲစဉ်အပြီးတွင် အတည်ပြုပြောကြားခဲ့သည်။

အသက် ၄၁ နှစ်အရွယ် စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်း၌ ၂၀၀၃ ခုနှစ်မှစတင်ပြီး ကာလရှည်ပါဝင်ကစားထားသူဖြစ်ပြီး အသင်းကို ယူရိုဖလား၊ ဥရောပနေးရှင်းလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုက "အနာဂတ်နဲ့ပတ်သက်ပြီးပြောဖို့ထက် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပေါ်မှာ အပြည့်အဝအာရုံစိုက်ထားပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးရင်တော့ အသင်းအတွက် ဆက်ကစားပေးဖို့ ရှိ၊ မရှိဆုံးဖြတ်သွားမှာပါ။ လောလောဆယ်မှာတော့ အနာဂတ်အတွက် ကြိုမပြောနိုင်သေးပါဘူး။ အသင်းနဲ့ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အောင်မြင်မှုရရှိဖို့ အပြည့်အဝအာရုံစိုက်ထားပါတယ်။ ကစားသမားဘဝက အနားယူဖို့တော့ နီးကပ်လာပါပြီ"ဟု ပြောကြားသည်။

စီရော်နယ်ဒိုသည် အစောပိုင်းကတည်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲသည် ၎င်း၏ကစားသမားဘဝနောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲဖြစ်သည်ဟု အတည်ပြုထားသော်လည်း ပေါ်တူဂီအသင်းမှ အနားယူရန် အတည်ပြုမထားခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်းနှင့်အတူ ၂၀၀၃ ခုနှစ်မှစတင်ပြီး နိုင်ငံတကာပြိုင်ပွဲစုံ ၂၃၂ ပွဲအထိ ပါဝင်ကစားထားပြီး ၁၄၆ ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref:The Athletic



နော်တင်ဟမ်အသင်း နည်းပြသစ်အိုလီဗာဂလက်နာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် နည်းပြအာတီတာပြီးလျှင် ဒုတိယမြောက်လုပ်ခလစာအများဆုံးရရှိသည့် နည်းပြဖြစ်လာ

လန်ဒန် ၆လိုင် ၄

နော်တင်ဟမ်အသင်းနည်းပြသစ် အိုလီဗာဂလက်နာသည်ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်အာဆင်နယ်အသင်းနည်းပြအာတီတာပြီးလျှင် ဒုတိယမြောက်လုပ်ခလစာအများဆုံးရရှိသည့် နည်းပြဖြစ်လာကြောင်း သိရသည်။

နည်းပြ အိုလီဗာဂလက်နာသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီက အက်ဖ်အေဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရယူပေးနိုင်ခဲ့သည်။

အိုလီဗာဂလက်နာနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့စာချုပ်သက်တမ်းမှာ ပြီးခဲ့သည့်ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းသော်လည်း အိုလီဗာဂလက်နာက အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ပီရဲရာသည် နော်တင်ဟမ်အသင်းကို ပြီးခဲ့သည့် ဧန်နဝါရီလက တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ပရီးမီးယားလိဂ်ပြိုင်ပွဲမှ တန်းမဆင်းရအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း နော်တင်ဟမ်အသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်အသင်းက ပြီးခဲ့သည့်ရက်ပိုင်းက နည်းပြပီရဲရာအား ရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် အိုလီဗာဂလက်နာအားခန့်အပ်ရန် ဆွေးနွေးခဲ့ရာ တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ၁၃ သန်းဖြင့် သဘောတူညီမှုရရှိပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဒုတိယမြောက်လုပ်ခလစာအများဆုံးရရှိသည့် နည်းပြဖြစ်လာသည်။

လက်ရှိပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လုပ်ခလစာအများဆုံးရရှိသည့်နည်းပြအဖြစ် နည်းပြအာတီတာက တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ၁၅ သန်းဖြင့် ရပ်တည်နေကြောင်း သိရသည်။***Ref:Transfermarket***

ဖလမ်းမြို့ ဌာနဆိုင်ရာရုံးများဖွင့်လှစ်ဆောင်ရွက်နေမှု ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ၆လိုင် ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ၆လိုင်လ ၂ ရက်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ပေးသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ဖလမ်းမြို့ရှိ ခရိုင်/ မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ ခရိုင်ပြည်သူ့စာကြည့်တိုက်၊ ဖလမ်းမြို့မရဲစခန်း၊ စိုက်ပျိုးရေးဦးစီးဌာနရုံး၊ ဥပဒေရုံး၊ လမ်းဦးစီးဌာနရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ သမဝါယမဦးစီးဌာနရုံး၊ မြန်မာ့စီးပွားရေးဘဏ်တို့ကိုဖွင့်လှစ်ပြီး ဌာနအလိုက် လုပ်ငန်းတာဝန်များဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ ထုတ်ပြန်ထားသည့်ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ကြီးဌာနနှင့် နှိုင်းတောအစိုးရ၏ပုံရိပ်ကိုထိခိုက်စေသော လုပ်ကိုင်ဆောင်ရွက်မှုများကို အလေးထားရှောင်ကြဉ်ရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများ ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နေသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားကာ ဝန်ထမ်းများ၏လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

ချစ်ကြည်ရေးခြေစမ်းပွဲတွင် မြန်မာ ယူ-၂၀ အမျိုးသားဘောလုံးအသင်း တရုတ် ဟောင်ကောင် ယူ-၂၀ အမျိုးသားဘောလုံးအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ

ရန်ကုန် ၈လိုင် ၄

2027 AFC U-20 Asian Cup Development (အုပ်စု-K)ပြိုင်ပွဲအကြိုအဖြစ် မြန်မာယူ-၂၀ အမျိုးသားဘောလုံးအသင်းနှင့် တရုတ် ဟောင်ကောင်ယူ-၂၀ အမျိုးသားဘောလုံးအသင်းတို့၏ နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာယူ-၂၀အမျိုးသားဘောလုံးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းတွင် နှစ်သင်းလုံးအမှားမခံကြဘဲ ဘောလုံးကိုင်ကစားခဲ့သော်လည်း ပွဲကစားချိန် ၁၀ မိနစ် နောက်ပိုင်း ဟောင်ကောင်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူပြီး မြန်မာအသင်းဘက်ကို ထိုးဖောက်ဖိအားပေးကစားခဲ့သည်။ မြန်မာအသင်း၏ ခံစစ်ကောင်းမွန်မှုကြောင့် ဟောင်ကောင်အသင်း ဂိုးရရှိရန် အလှမ်းဝေးကွာခဲ့ရသလို မြန်မာအသင်း၏လျင်မြန်သောတန်ပြန်တိုက်စစ်နှင့်တိုက်စစ်မှူးတို့၏ တိုးအားရှုန်းအားသည်လည်းထင်ယောက်ခရီးမပေါက်ဘဲ ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့၍ ပထမပိုင်း ဂိုးမရှိသရေဖြင့်ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်အသင်းကစားသမားအပြောင်းအလဲပြုလုပ်လာကြပြီး တိုက်စစ်မြှင့်ကာကစားလာကြသည်။ ဟောင်ကောင်အသင်းက ဘောလုံးပိုင်ဆိုင်မှုသာသည်ဆိုသော်လည်း မြန်မာအသင်း၏ တန်ပြန်တိုက်စစ်ကြောင့် ပွဲကစားချိန် ၅၇ မိနစ်တွင်လူစားဝင်ကစားသမားသူရမင်းသန့်က ကောင်းခန့်ကျော်၏ဖြတ်တင်ပေးပို့မှုမှ တစ်ဆင့် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။

ဦးဆောင်ဂိုး ပေးလိုက်ရပြီးနောက် ဟောင်ကောင်အသင်း ချေပဂိုးရရှိရေး ကြိုးစားခဲ့သော်လည်း မြန်မာအသင်းကပင်ပွဲကို ဦးဆောင်ကစားခဲ့ရာ ပွဲကစားချိန် ၆၃ မိနစ်တွင် ကောင်းခန့်ကျော်က ဒုတိယဦးဆောင်ဂိုးကို ထပ်မံသွင်းယူခဲ့ပြန်သည်။ ပွဲကစားချိန် မိနစ် ၇၀ နောက်ပိုင်း ဟောင်ကောင်အသင်း တရုတ်ဖိအားပေးလိုက်ကစားခဲ့သော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် မြန်မာယူ-၂၀အမျိုးသားဘောလုံးအသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ အဆိုပါအသင်းနှစ်သင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲဒုတိယပွဲစဉ်ကို ၆လိုင်လ ၇ ရက်တွင် ထပ်မံကျင်းပမည်ဖြစ်သည်။

ဝန်းရံခ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၇-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၄၆၀	၃၅၀၀	၃၄၅၅	၃၄၇၅	၃၅၀၅	၃၅၂၀	၃၅၄၅	၃၄၄၀	၃၅၆၀	၃၅၀၀	၃၄၆၀	၃၄၈၅	၃၅၄၅	၃၅၀၅	၃၅၂၀	၃၅၆၀
95 Ron	၃၄၁၀	၃၅၅၀	၃၅၁၀	၃၄၃၀	၃၅၅၅	၃၅၇၀	၃၅၉၅	၃၄၉၀	၃၅၉၀	၃၅၅၀	၃၅၁၀	၃၅၆၀	၃၅၉၅	၃၅၅၅	၃၅၇၀	၃၅၉၀
HSD (500 ppm)	၃၀၉၀	၃၂၂၀	၃၁၈၀	၃၁၀၅	၃၂၂၅	၃၂၄၀	၃၂၆၅	၃၁၆၅	-	၃၁၁၀	၃၁၀၅	၃၄၉၅	၃၂၆၅	၃၂၂၅	၃၂၄၀	၃၄၇၀
HSD (50 ppm)	၃၀၀၀	၃၀၄၀	၃၀၀၀	၃၀၁၅	၃၀၄၅	၃၀၆၀	၃၀၈၅	၃၀၀၀	၄၂၀၅	၄၂၄၀	၃၀၀၀	၃၀၄၀	၃၀၈၅	၃၀၄၅	၃၀၆၀	၄၂၀၀
HSD (10 ppm)	၃၀၀၀	၃၀၄၀	၃၀၀၀	၃၀၁၅	၃၀၄၅	၃၀၆၀	၃၀၈၅	၃၀၀၀		၄၂၄၀	၃၀၀၀	၃၀၄၀	၃၀၈၅	၃၀၄၅	၃၀၆၀	၄၂၀၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၁၇၇	၃၂၇၄
95 Ron	၃၂၂၇	၃၃၂၅
HSD (500 ppm)	၂၉၂၃	၃၀၁၁
HSD (50 ppm)	၃၀၀၄	၃၀၂၀၆
HSD (10 ppm)	၃၀၀၄	၃၀၂၀၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ဓာတ်အားလိုင်းထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

နေပြည်တော် ၆လိုင် ၄

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာ စဉ်ဆက်မပြတ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများရှိ ပင်မထရန်စဖော်မာများနှင့် Switchbay များ၊ ပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကို အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ၁၃၂ ကေဗွီ အင်းကုန်းပင်မဓာတ်အားခွဲရုံရှိ ၃၃ ကေဗွီ စက်မှုလိုင်း၏ ဓာတ်အားဖြတ်ခလုတ် (Circuit Breaker) (B-Phase) မှာ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပေါ်နေသဖြင့် အရန်ပစ္စည်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါခွဲရုံရှိ ၃၃ ကေဗွီ Main Bus အား ဇူလိုင်လ ၅ ရက် **(ယနေ့)** ညနေ ၃ နာရီမှ ည ၆ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်စဉ် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့၊ မြစ်သားမြို့နှင့် ကူမဲမြို့တို့ရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဇရိယာများရှိ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါသည်။

ထို့အတူ ၂၃၀ ကေဗွီ နေပြည်တော်-၁ ပင်မဓာတ်အားခွဲရုံရှိ ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင်လ ၅ ရက် **(ယနေ့)**နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်စဉ် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိဝန်ထမ်းအိမ်ရာများ၊ သုခတောင်အိမ်ရာ၊ နေပြည်တော်အုတ်စက်၊ ရွှေနံ့သာရပ်ကွက်၊ မင်းကုန်းကွက်သစ်ရပ်ကွက်နှင့် တောင်ညိုတို့ရှိကျေးရွာများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပြီး ဓာတ်အားပြတ်ဇရိယာများရှိ စက်ရုံ/အလုပ်ရုံများ၊ ဓာတ်အားသုံးစွဲသူမိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

ဖခင်အမည်မှန်

နေပြည်တော်၊ ပုဇွသီရိမြို့နယ်၊ ခေတ်ရှေ့ဆောင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ မောင်အောင်ဖြိုးခန့်၏ဖခင်အမည်မှန်မှာ ဇ/မထလ(နိုင်)၂၅၈၈၆၄ ဦးမောင်မောင်ညွှန့် ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ညွှန့်**

အမည်ပြောင်း

အ.ထ.က(၁)။ နေပြည်တော် Grade-9(A) မှ အဘ ဦးသန့်ဇင်ထွန်း ၁၄/ရဂနန(နိုင်)၁၀၃၃၉၄ ၏သား မောင်ထက်ပိုင်လင်းအား မောင်ထက်လင်းပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်လင်းပိုင်**

ပျောက်ဆုံးကြောင်း

နော်နွေးသဋ္ဌာကို(ဘ)ဦးစောလှမိုးလွင် ၃/ဘအန(နိုင်)၂၈၂၆၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 621194)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၇၇၆၆၇၂**

ပျောက်ဆုံးကြောင်း

အိသဇင်မွန်(ဘ)ဦးအေးမြင့် ၁၀/ပမန(နိုင်)၂၂၈၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၄၀၅၁၀၇**

ပျောက်ဆုံးကြောင်း

မချစ်ဖူး၀ေ(ဘ)ဦးကျော်လွန် ၁၀/ရမန(နိုင်)၁၆၀၃၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၀၆၇၂၃၅၀**

ပျောက်ဆုံးကြောင်း

သန့်ဇင်ထွန်း(ဘ)ဦးမြင့်၀ေ ၁၀/ခဆန(နိုင်)၁၂၀၄၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၃၄၃၀**

ပျောက်ဆုံးကြောင်း

မင်းဇော်သန်း(ဘ)မင်းသိန်းတန် ၁၀/ကမရ(နိုင်)၁၃၇၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၉၁၅၆၃၉**

ပျောက်ဆုံးကြောင်း

နောင်ထွန်းလွင်(ဘ)ဦးသန်းဇော် ၁၀/မဒန(နိုင်)၂၂၈၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၁၀၀၆၄၆**

ပျောက်ဆုံးကြောင်း

ခိုင်ဦးနွယ်(ဘ)ဦးကျော်မင်းထွန်း ၁၁/မဟန(နိုင်)၁၅၉၇၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 063284)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း

သန္တာအေး(ဘ)ဦးမောင်နိုင် ၁၂/ခရန(နိုင်)၁၄၀၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း

ဌေးလွင်(ဘ)ဦးသိန်းကြည် ၈/နမန(နိုင်)၁၄၈၈၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

ပျောက်ဆုံးကြောင်း

ဒေါ်ယု(ဘ)ဦးကျော်ဆန်း ဇ/ကပတ(နိုင်)၂၉၅၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

အောင်ပန်းမြို့နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ၈ လိုင် ၄

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ မြင်းမထိကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား အဆိုပါကျေးရွာရှိ မြင်းမထိကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၉ ပါးနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ၁၉၆ ဦးတို့အား သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးအကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ Ultrasound စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစစ်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မြင်းမထိကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား ဆွမ်းဆန်၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့သည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်ရှိ ကသည်းဝန်းမဟာရုံ၌ အခြေပြု၍ အဆိုပါရပ်ကွက်ရှိ ဒေသခံပြည်သူ (၁၅၈)ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲ၌ အမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့အဖွင့်ပွဲစဉ်ဖြစ်သည့် ပြင်ဦးလွင်တပ်နယ်နှင့် မန္တလေးတပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်းဖြင့် အုပ်စု ၄ စုခွဲကာ ဧလိုင်လ ၈ ရက်နေ့ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ၈ လိုင် ၄

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိအားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့အဖွင့်ပွဲစဉ် ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းဝန်းကျင်တွင် သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ၈ လိုင် ၄

တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလှုပ်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စျေးများ၊ ပန်းခြံများနှင့်သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်အပါအဝင် မြို့နယ်(၅)မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ ပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချို့နွဲ့ယပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စာသင်ခုံများ ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

၄-၇-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၆,၉၅၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရှမ်းပြည်နယ်လုံးဆိုင်ရာ (၈၆)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟစာမေးပွဲနှင့် (၈၉)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟအာဂုံစာပြန်ပွဲအောင်ဆုနှင်းသဘင်ကျင်းပ



ညောင်ရွှေ ၎လိုင် ၄

ရှမ်းပြည်နယ်လုံးဆိုင်ရာ (၈၆)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟစာမေးပွဲနှင့် (၈၉)ကြိမ်မြောက် ဝိနယာဒိနုဂ္ဂဟအာဂုံစာပြန်ပွဲအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ညောင်ရွှေမြို့ အဋ္ဌဒိသာဓမ္မဝိဟာရကျောင်းတော်ကြီး၌ ကျင်းပရာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာတော်၊ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ညောင်ရွှေမြို့နယ်အင်းလေးဒေသ မိုင်းသောက်ပထမစာသင်တိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဝိနယာဒိနုဂ္ဂဟစာမေးပွဲဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ သီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဝိနယာဒိနုဂ္ဂဟစာမေးပွဲအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တသုမင်္ဂလာဘိဝံသထံမှ အနုမောဒနာတရားတော်နာယူကြည်ညိုကြကာ အောင်လက်မှတ်၊ လှူဖွယ်ဝတ္ထုပစ္စည်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတိုရေး၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ၎လိုင် ၄

၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတိုရေး၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်(ဝတ္ထုတိုရေး၊ ဆောင်းပါး၊ ကဗျာ)ဆုများ ရွေးချယ်ခဲ့ခြင်းများနှင့် အလင်္ကာကျော်စွာ ဒါရိုက်တာပန်းချီစိုးမိုးက ဓာတ်ပုံဆုရွေးချယ်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် (ဝတ္ထုတိုရေး၊ ဆောင်းပါး၊ ကဗျာနှင့် ဓာတ်ပုံ) ပြိုင်ပွဲတွင်ဆုရရှိခဲ့သူများ၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်နှင့် ဓာတ်ပုံပညာရှင်များကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်တို့က ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် စေတနာရှင်အလှူရှင်များက မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်သို့ အလှူငွေများကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ဆုရရှိခဲ့သူများကိုယ်စား ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ပထမဆုရှင် ပြည့်ထူး(မင်းဘူး)က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄˚c	/	၃၁˚c
ရန်ကုန်	၂၅˚c	/	၃၃˚c
မန္တလေး	၂၇˚c	/	၃၆˚c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးသီးနှံ၌ Rice Export Zone အစီအစဉ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်သွားမည်

နေပြည်တော် ၎လိုင် ၄

၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးသီးနှံ၌ ဆောင်ရွက်မည့် Rice Export Zone အစီအစဉ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည့် ပြည်ထောင်စုအဆင့် ပြည်ပတင်ပို့မည့်ဆန်စပါးစိုက်ပျိုးရေးဇုန်(Rice Export Zone)လုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)မှ သိရသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး ကော်မတီဝင်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးသီးနှံ၌ ဆောင်ရွက်မည့် Rice Export Zone အစီအစဉ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စုစုပေါင်းဧကရေး ၃ သိန်းကျော်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းတွင်ပါဝင်သည့် တောင်သူများအား တစ်ဧကလျှင် ငွေကျပ် ၇ သောင်း ၅ သိန်းနှုန်းပံ့ပိုးနိုင်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ငွေကျပ် သုံးသိန်းနှုန်း၊ ပါဝင်ဆောင်ရွက်မည့် Exporter ကုမ္ပဏီမှ ငွေကျပ်နှစ်သိန်းနှုန်း၊ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂ သောင်း ၅ သိန်းနှုန်းဖြင့်ပံ့ပိုး၍ Rice Export Zone အစီအစဉ်ကို အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ



နေပြည်တော် ၎လိုင် ၄

အားကစားရေးရာဝန်ကြီးဌာနအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံရိုးရာခြင်းလုံးပြိုင်ပွဲ စတုတ္ထနေ့ကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့ယှဉ်ပြိုင်သည့် ၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ရမှတ် ၅၃၀၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၂၆၈ မှတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၇၆၀၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၀၇၉ မှတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ရမှတ် ၉၃၁ မှတ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ရမှတ် ၁၁၆၀ နှင့် ပညာရေးဝန်ကြီးဌာနအသင်းက ရမှတ် ၈၄၅ မှတ် ရရှိကြသည်။

ဝန်ကြီးဌာနများအလိုက် ယှဉ်ပြိုင်မှုများအပြီးတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပထမ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပူးတွဲတတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပူးတွဲတတိယ ရရှိကြသည်။

ထို့အတူ ၄ ပေါက်တန်း(အမျိုးသမီး) ပြိုင်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းက ပထမ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပူးတွဲတတိယ၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပူးတွဲတတိယ ရရှိခဲ့သည်။

ဇူလိုင်လ ၆ ရက်တွင် ၆ ပေါက်တန်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ ၄ ပေါက်တန်း (အမျိုးသမီး) ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့အတူ ဇူလိုင်လ ၅ ရက်**(ယနေ့)**တွင် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ Linking(Event-3) (အမျိုးသမီး) ပြိုင်ပွဲနှင့် Linking(Event-3) (အမျိုးသား) ပြိုင်ပွဲတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဇူလိုင်လ ၁ ရက်မှ ၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲများကို မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြဝတီ**

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၉ ထပ်အဆောက်အအုံ ၁ လုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်လူနေအဆောက်အအုံ ၆၈ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှု။



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၉)ထပ်အဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေစဉ်




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၉)ထပ်အဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးရန်ပြင်ဆင်နေစဉ်



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၉) ထပ်အဆောက်အအုံ

မဖြိုဖျက်မီ



ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၉)ထပ် အဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးပြီးစီးစဉ်





နေပြည်တော် ၈ လိုင် ၄

အွန်လိုင်းလိမ်လည်လောင်းကစားမှု နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်၉ ထပ်အဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၅၇ လုံး နှင့်ဖောက်ခွဲ၍ ဖျက်ဆီးမည့်အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန်သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် ၉ ထပ်အဆောက်အအုံ ၁ လုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၈ လုံးအား စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန် ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၉ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)





❍ ကျောပုံးမှအဆက်

ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ သြရိုဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှဇူလိုင်လ ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်၊ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ သြရိုဿပြည်နယ်မြောက်ပိုင်း - အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈၀)

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ၈ လိုင် ၄

ယနေ့မွန်းလွဲ ၁၂ နာရီ ၁၃ မိနစ် ၀၉ စက္ကန့်အချိန်တွင်ဟားခါးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကနီမြို့၏အနောက်-အနောက်မြောက် ဘက်၁၆မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၀ ဒီဂရီ၊ အနက် ၄၉ ကီလိုမီတာ ကိုဗဟိုပြု၍ပမာဏ ၃ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/၈၀)




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ်၊ နန့်သဲကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့မှုကိုတွေ့ရစဉ်။





တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇောကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိမှုကိုတွေ့ရစဉ်။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မဲဇောကျေးရွာနှင့် နန့်သဲကျေးရွာများအား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်။



● ကျောဖုံးမှအဆက်

များကိုဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ စိုးမိုးထားသော အင်းတော်မြို့အား ၂၀၂၆ ခုနှစ် ဧပြီလ ၃၀ ရက်တွင် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်သတင်းအား ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အဆိုပါဒေသရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ကျေးရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အင်းတော်မြို့၌ လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကို စစ်ကြောင်းများခွဲ၍ ဟန်ချက်ညီညီဆောင်ရွက်ခဲ့ရာ ဇွန်လ ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်ပြင်ဆင်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အခြေချနေထိုင်သော နတ်မဟုတ်ကလေး ကျေးရွာနှင့်ဆည်ရွာတို့အားလည်းကောင်း၊ ဇွန်လ ၂၈ ရက်နေ့တွင် လယ်နောင်ကျေးရွာအားလည်းကောင်း၊ ဇွန်လ ၂၉ ရက်နေ့တွင် နတ်မဟုတ်ကြီးကျေးရွာအားလည်းကောင်း၊ ဇွန်လ ၃၀ ရက်နေ့တွင် သံဘိုကျေးရွာအားလည်းကောင်း အဆင့်ဆင့်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် မြစ်ကြီးနား-ရွှေဘို မီးရထားလမ်းပေါ်ရှိ မဲဇောကျေးရွာနှင့် မြစ်ကြီးနား-ရွှေဘို ကားလမ်းပေါ်ရှိ နန့်သဲကျေးရွာတို့အား အသီးသီးပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြကြောင်းသိရှိရသည်။

တပ်မတော်စစ်ကြောင်းများ အနေဖြင့် **စာမျက်နှာ ၂၉ သို့ ●**



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် Drone နှင့် အကြမ်းဖက်သောင်းကျန်းသူများ အသုံးပြုသည့် မော်တော်ယာဉ်များကိုတွေ့ရစဉ်။









အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် လက်နက်၊ ခဲယမ်းများ၊ ဗုံးသီးများ၊ Drone နှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

● စာမျက်နှာ ၂၈ မှအဆက်

မဲဇာကျေးရွာအပါအဝင် အဆိုပါကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချုံချုံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှုစုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၇ လောင်း၊ လေယာဉ်ပစ်စက်သေနတ်အပါအဝင် လက်နက်မျိုးစုံ ၁၂ လက်၊ အကြမ်းဖက်လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ် ၂ စီး၊ Drone များ၊ Drone ဗုံးသီးများ၊ ခဲယမ်းများနှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် ၁၂.၇ လေယာဉ်ပစ်စက်သေနတ်ကြီးနှင့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများက ကျေးရွာများအတွင်းနှင့် အဆိုပါကျေးရွာများပတ်ဝန်းကျင်တစ်ဝိုက်တွင် ယာယီခံစစ်စခန်းများပြုလုပ်ထားရှိမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိခဲ့သည့် ရန်သူ့အလောင်းနှင့် လက်နက်၊ ခဲယမ်းများကိုတွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အင်းတော်မြို့နှင့် မဲဇာကျေးရွာအကြားရှိကျေးရွာများအား ယာယီစိုးမိုးထားစဉ်အတွင်း ဆက်သွယ်ရေးမြောင်းများတူးကာ ပြည်သူလူထုနေအိမ်များ၊ ခြံစည်းရိုးများတွင် ဘန်ကာများ ပြုလုပ်၍ အခိုင်အမာခံစစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် မြစ်ကြီးနား–ရွှေဘိုကားလမ်းမကြီးအား ပိတ်ဆို့၍ အဆိုပါလမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသော ခရီးသွားမော်တော်ယာဉ်များ၊ကုန်တင်ယာဉ်များအားဖမ်းဆီး၍ ဆက်ကြေးကောက်ခြင်း၊ ဖမ်းဆီးနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်ခဲ့ကြရာ ဒေသတွင်းကုန်စည်စီးဆင်းမှုများနှောင့်နှေးခဲ့ရပြီး ပြည်သူလူထုအနေဖြင့်လည်း လူမှုစီးပွားဘဝများ အဘက်ဘက်မှနိမ့်ပါးခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ ကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့်လက်တွဲ၍ ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
"ကြေညာစာ"

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၇-၂၀၂၈ ပညာသင်နှစ်အတွက် အရာရှိလောင်းဒီပလိုမာ သင်တန်းအမှတ်စဉ်(၂၀)ကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ သင်တန်းအမည် (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း(CD/54)
(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း(CE/52)
(ဂ) ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း(CME/07)

၂။ ပေးအပ်မည့်ဒီပလိုမာ (က) ရေကြောင်းပညာဒီပလိုမာ(Diploma in Nautical Studies)
(ခ) ရေကြောင်းနည်းပညာဒီပလိုမာ(Diploma in Maritime Technology)
(ဂ) ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ(Diploma in Maritime Electrical Technology)

၃။ သင်တန်းဝင်ခွင့်အရည်အချင်း (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်းများအတွက် KG+ 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော(သိပ္ပံ/ဝိပ္ပံ)ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး ၄၀၀ ရှိရမည်။ ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်းများအတွက် KG+ 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များပါဝင်သော(သိပ္ပံ/ဝိပ္ပံ)ဘာသာတွဲဖြင့်အောင်မြင်ပြီး စုစုပေါင်းအမှတ်အနည်းဆုံး ၃၉၀ ရှိရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၂၀ နှစ်ထက်မကျော်လွန်စေရ။

၄။ သင်တန်းကာလ - ၂ နှစ်

၅။ လက်ခံမည့် သင်တန်းသားဦးရေ (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း ၁၄၀ ဦး
(ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း ၁၄၀ ဦး
(ဂ) ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း ၄၀ ဦး

၆။ လျှောက်လွှာ လက်ခံမည့်ရက်မှတ်ချက် - ၆-၇-၂၀၂၆ မှ ၃၁-၇-၂၀၂၆ ထိ။
(က) သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။
(ခ) အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်းရုံး(ဖုန်း၊ ၀၉-၄၀၃၇၃၇၉၇၀)၊ သင်တန်းဌာန(ဖုန်း၊ ၀၉-၄၂၀၁၂၄၄၂၅)သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website www.mmmc.edu,mm နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်-MMMC Facebook Page တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ နောင်ကွမ်ရပ်ကွက်(၄)နေ အဘ ဦးအာဒိုဇ်၏သား ဦးလီဂါ ၁၃/ကတန(နိုင်)၀၃၅၉၃၀ နှင့် ဦးလီကာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးလီဂါ(ခ)ဦးလီကာ

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဖားလက်စိုကျေးရွာအုပ်စု၊ အ.ထ.က ဂုံညှင်းတန်းကျောင်း Grade-12C မှ မအေဇင်ဖူးပိုင်၏မိခင်အမည်မှန်မှာ ဒေါ်အုန်းစမ်း ၁၄/ဇလန(နိုင်)၀၉၆၂၄၆၆ ဖြစ်ပါကြောင်း။

ဒေါ်အုန်းစမ်း

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ UAZL ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8 သင်ဆဲမှ ကျောင်း၀င်အမှတ် ၁၆၂၆ မောင်ဝေယံဦး၏ဖခင် ဦးစန်း၀င်းနိုင်၏အမည်မှန်မှာ ဦးဆန်း၀င်းနိုင် ၈/တတက(နိုင်)၁၅၄၃၅၆ ဖြစ်ပါကြောင်း။

ဦးဆန်း၀င်းနိုင်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၃)Grade-10 အောင် ကျောင်း၀င်အမှတ် ၅၁၆၄ မသွယ်သွယ်အောင်၏ဖခင် ဦး၀င်းအောင်၏အမည်မှန်မှာ ဦးဟန်၀င်းအောင် ၈/တတက(နိုင်)၁၆၃၂၇၁ ဖြစ်ပါကြောင်း။

ဦးဟန်၀င်းအောင်

မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၃)(မိုးထိ)ကျောင်း Grade-11 သင်ဆဲမှ ကျောင်း၀င်အမှတ် ၈၀၉၅ မရွှန်းလဲ့လဲ့ခေါ်မိခင် ဒေါ်စန္ဒာစိုး၏အမည်မှန်မှာ ဒေါ်စန္ဒာဦး ၈/တတက(နိုင်)၂၇၈၅၆၉ ဖြစ်ပါကြောင်း။

ဒေါ်စန္ဒာဦး

ဖခင်အမည်မှန်

ရေတာရှည်မြို့နယ်၊ ဆွာမြို့၊ အ.လ.က(ခွဲ) ငါးကြီးကွေ့မှ Grade-8 တွင် ပညာသင်ကြားနေသော မယွန်း၀တီဆောင်း၏ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၇/ရတရ(နိုင်)၀၆၂၄၄၁ ဖြစ်ပါကြောင်း။

ဦးမြင့်လွင်

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ရေကြည်ဦး(၇)လမ်း၊ အိမ်အမှတ်(E-32)နေ မောင်သော်ဇင်ထွန်း ၁၄/ပသန(နိုင်)၃၀၂၂၃၄ ၏ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ဖြစ်ပါကြောင်း။

ဦးခင်မောင်အေး

ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၃) Grade-9 ၌ ပညာသင်ကြားနေသော မောင်စွမ်းပြည့်အောင်၏ဖခင် ဦးဇော်ဇော်၏အမည်မှန်မှာ ဦး၀င်းဇော်ဦး ၇/ပမန(နိုင်)၁၆၆၉၅၀ ဖြစ်ပါကြောင်း။

ဦး၀င်းဇော်ဦး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄)(မိုးထိ)ကျောင်း Grade-11 အောင်မှ ကျောင်း၀င်အမှတ် ၈၀၃၄ မစုနှဒီအောင်၏ဖခင် ဦးကျော်သူ၀င်း၏အမည်မှန်မှာ ဦးချစ်ထူး ၈/နမန(နိုင်)၂၁၆၈၉၉ ဖြစ်ပါကြောင်း။

ဦးချစ်ထူး

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ UAZL ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 သင်ဆဲမှ ကျောင်း၀င်အမှတ် ၁၁၁၇ မသန်းသန်းအေး၏ဖခင် ဦးဇော်မျိုးနိုင်၏အမည်မှန်မှာ ဦးဇော်မျိုးနိုင် ၈/တတက(နိုင်)၁၇၇၈၂၃ ဖြစ်ပါကြောင်း။

ဦးဇော်မျိုးနိုင်

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့ အ.ထ.က(ခွဲ)အ.လ.က(၃)ကျောင်းမှ ဒေါ်ချိုချိုနွယ်(အထက်တန်း(ပြ) ၁၃/မဆန(နိုင်)၀၄၅၃၃၀၉ ၏ဖခင်ဖြစ်သူ ဦးပါကူနှင့် ဦးကျတူ ၁၃/မဆန(နိုင်)၀၁၄၀၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးပါကူ(ခ)ဦးကျတူ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(ပရပ်ကြယ်) Grade-11 သင်ဆဲမှ မောင်ကျော်ဇင်ဟိန်း၏ဖခင် ဦးမြင့်မောင်မောင်၏အမည်မှန်မှာ ဦးမြင့်မောင် ၈/တတက(နိုင်)၁၉၂၂၀၇ ဖြစ်ပါကြောင်း။

ဦးမြင့်မောင်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄)(မိုးထိ)ကျောင်းမှ ကျောင်း၀င်အမှတ် ၇၂၀၈ Grade-12 သင်ဆဲမှ မဟန်ချောစုဏ်၏ဖခင် ဦးညီညီ၏အမည်မှန်မှာ ဦးညီညီ ၈/တတက(နိုင်)၀၅၃၃၄ ဖြစ်ပါကြောင်း။

ဦးညီညီ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄)(မိုးထိ)ကျောင်း၀င်အမှတ် ၅၂၀၆ Grade-10 သင်ဆဲမှ မသီတာမိုးမြင့်၏ဖခင် ဦးမြင့်ဦးအောင်၏အမည်မှန်မှာ ဦးမြင့်ဦး ၈/တတက(နိုင်)၁၆၂၂၀၆ ဖြစ်ပါကြောင်း။

ဦးမြင့်ဦး

မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(၄)(မိုးထိ)ကျောင်း Grade-7 သင်အောင်မှ ကျောင်း၀င်အမှတ် ၀၁၀၅ မောင်လွမ်းပိုင်၀င်း၏မိခင် ဒေါ်ခင်မာဝေ၏အမည်မှန်မှာ ဒေါ်မာမာဝေ ၈/တတက(နိုင်)၁၆၂၁၉၆ ဖြစ်ပါကြောင်း။

ဒေါ်မာမာဝေ

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့ အ.ထ.က(ခွဲ)အ.လ.က(၃)ကျောင်းမှ ဒေါ်ချိုချိုနွယ်(အထက်တန်း(ပြ) ၁၃/မဆန(နိုင်)၀၄၅၃၃၀၉ ၏ဖခင်ဖြစ်သူ ဦးပါကူနှင့် ဦးကျတူ ၁၃/မဆန(နိုင်)၀၁၄၀၄၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးပါကူ(ခ)ဦးကျတူ

ပျောက်ဆုံးကြောင်း

ကျိုင်းတုံမြို့ အ.ထ.က(ခွဲ)အ.လ.က(၃)ကျောင်းမှ ဒေါ်စုမြတ်မွန်(အထက်တန်း(ပြ) ၈/မမန(နိုင်)၁၉၆၅၇၅ ၏ဖခင်ဖြစ်သူ ဦးညွှန့်နှင့် ဦးညွှန့်ဆွေ ၈/မမန(နိုင်)၀၁၂၂၇၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးညွှန့်(ခ)ဦးညွှန့်ဆွေ

ပျောက်ဆုံးကြောင်း

ခင်ယွန်းလဲ့(ဘ)ဦးနိုင်လွင် ၁၄/ဖပန(နိုင်)၂၇၇၆၉၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ် အမှတ်(MK 557885)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၅၁၁၆၉၈

ပျောက်ဆုံးကြောင်း

ဦးညီညီ(ဘ)ဦးသန်းအောင် ၁၄/၀ခမ(နိုင်)၀၇၁၂၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၇၂

ပျောက်ဆုံးကြောင်း

စုဝေလှိုင်(ဘ)ဦးနိုင်လင်း ၈/အလန(နိုင်)၂၄၂၀၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ထက်ကောရီကျော်(ဘ)ဦးနေထွန်းမင်း ၁၂/ကမရ(နိုင်)၀၆၄၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၃၆၃၃၅၅၈

ပျောက်ဆုံးကြောင်း

မိဇင်မိမိကျော်(ဘ)ဦးကျော်စွာထွန်း၃/ဘအန(နိုင်)၂၇၅၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 916900)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

မင်းဇာနည်တွား(ဘ)ဦးသောင်းစိန် ၃/ဘအန(နိုင်)၂၀၀၈၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 916899)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ဖူးဖူး(ဘ)ဦးကိုနိုင် ၁၄/မမက(နိုင်)၃၆၅၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၆၂၀၁၈၉၅၆

ပျောက်ဆုံးကြောင်း

စည်သူလင်း(ဘ)ဦးညီညီလွင် ၁၁/သတန(နိုင်)၁၁၇၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၀၄၇၅၁၇၈

ပျောက်ဆုံးကြောင်း

ဒေါ်ခေါန်ဒင်း(ဘ)ဦးဂျိုင်၀ါလဂျီ(ခ)လဂျီ ၁/မကန(နိုင်)၀၅၄၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၅၀၃၆၆၈၅၅

ပျောက်ဆုံးကြောင်း

ဇော်ခဲဝဏ်အောင်(ဘ)ဦးမောင်မောင်လေး ၁၂/စခန(နိုင်)၀၆၂၁၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၀၅၃၂၂၇

ဖခင်အမည်မှန်

ပဲခူးမြို့နယ်၊ ဘုရားကြီး အ.ထ.က၊ G-12 မှ မဇင်လင်းလတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးဗိုလ် ဖြစ်ပါကြောင်း။

ဦးအေးဗိုလ်

ပျောက်ဆုံးကြောင်း

၀င်းလွင်(ဘ)ဦး၀င်းမြင့်၇/ပခန(နိုင်)၁၇၃၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၆၂၂၉၃၁၉

ပျောက်ဆုံးကြောင်း

ယမင်းရွှေစင်(ဘ)ဦးမောင်ချို ၇/ဖမန(နိုင်)၂၅၀၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၅၉၀၀၁၈၁

ပျောက်ဆုံးကြောင်း

ဦးဇော်ထွန်း(ဘ)ဦးသိန်းထိုက် ၁၂/ဒဂန(နိုင်)၀၁၀၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 860918)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၂၅၉၂၀၇၇

ပျောက်ဆုံးကြောင်း

ဖြိုးဝေထွန်း(ဘ)ဦးစံရွှေ ၁၁/တကန(နိုင်)၀၇၇၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

ပျောက်ဆုံးကြောင်း

တင်မာလင်း(ဘ)ဦးမြင့်သိန်း ၉/ဇယသ(နိုင်)၀၁၂၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၁၁၅၅၃၅၇၅၅

ပျောက်ဆုံးကြောင်း

ဦးစိန်ကြီး(ဘ)ဦးခင်မောင်(ခ)ကစ္စနား ၁၀/မလမ(နိုင်)၁၇၇၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၆၇၈၈၂၉၉

ပျောက်ဆုံးကြောင်း

ဦးစန်းကြီး(ဘ)ဦးခင်မောင်(ခ)ကစ္စနား ၁၀/မလမ(နိုင်)၁၇၇၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 557885)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၅၁၁၆၉၈

ပျောက်ဆုံးကြောင်း

ဦးစိန်ကြီး(ဘ)ဦးခင်မောင်(ခ)ကစ္စနား ၁၀/မလမ(နိုင်)၁၇၇၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ



မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း



အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုကို ဖြင့်

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယိုကုန်းဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅၅-၀၁-၅၃၅၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလိမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုင်ငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပင်ရီမီယံတစ်ကြိမ်ပေး နှစ်တိုင်ချေးငွေအသက်အာမခံ
၁၈။ ပင်ရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family



နေပြည်တော် - အမှတ်(၃) ကျိုင်းတုံလမ်းနှင့် ပဲခူးလမ်းထောင့်
ဖုန်း - ၀၆၇ - ၃၄၃၀၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ဧရာတိုဝုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၅၊ ၀၉ - ၄၂၄၄၄၆၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၅၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းဇေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၀၄၆၇

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယင်ကျန်းမြို့ရှိ လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts နှင့် Patuxai (Victory Gate) သို့သွားရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၄

လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်း Phonthong Handicrafts Cooperation and Cama Crafts သို့သွားရောက် ကြည့်ရှုလေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်းသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လာအို အသေးစား၊အငယ်စားစက်မှုလုပ်ငန်းမှ ထုတ်လုပ်ထားသည့်ချည်ထည်များနှင့် ပိုးထည်များကိုကြည့်ရှုပြီး လာအို ရိုးရာသဘာဝအသီးများမှ ဆပ်ပြာထုတ်လုပ်နေမှုကို ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတက လာအို ရိုးရာသဘာဝ ဆပ်ပြာပြုလုပ်ရန် ထုတ်လုပ်ထားသည့်

စာမျက်နှာ ၁၁ ကော်လံ ၁ ⇨



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လာအို အသေးစား၊ အငယ်စားစက်မှုလုပ်ငန်းမှ ထုတ်လုပ်ထားသည့်ချည်ထည်များနှင့် ပိုးထည်များကိုကြည့်ရှုစဉ်။

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မဲဇာကျေးရွာနှင့် နန့်သဲကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဇူလိုင် ၄

NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝဲခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိမြို့ရွာများအား ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့်တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism-Operation)

စာမျက်နှာ ၂၈ ကော်လံ ၃ ●



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အင်းတော်မြို့နယ်၊ နန့်သဲကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိခဲ့မှုကို တွေ့ရစဉ်။

လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြိုးနိုင်

နေပြည်တော် ဇူလိုင် ၄

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့်

စာမျက်နှာ ၂၇ ကော်လံ ၁ ❍

မြန်မာ U -20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U – 20 အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၄

2027 AFC U-20 Asian Cup Development (အုပ်စု K) ပြိုင်ပွဲ အကြိုခြေစမ်းပွဲ ဒုတိယပွဲစဉ်အဖြစ်မြန်မာ U-20 အမျိုးသားဘောလုံးအသင်းနှင့် တရုတ်ဟောင်ကောင် U – 20 အမျိုးသားဘောလုံးအသင်းတို့ ဇူလိုင်လ ၇ ရက်၊ ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်အား ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV – HD Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ မြဝတီ

ဝန်ကြီးဌာနပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

စာ – ၂၆ သို့